ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၄၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၂.၅၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ရဲ့ (၄၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ၉-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ကျိုနိုင်ကိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ မြန်မာအိမ်အကူ အလုပ်သမားများအား အကာအကွယ်ပေးရေး မူဝါဒဆိုင်ရာ စာတမ်းမိတ်ဆက်ခြင်း အခမ်းအနားတက်ရောက်။ ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူကျန်းမာရေး။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်းနဲ့ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြ ပန်ကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၉) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူလူထုများ ရန်ကုန်မြို့ သို့မဟုတ် တခြားသော မြို့နယ်များသို့ ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မြို့နယ်တစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ မည်သို့ချမှတ် ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူလူထုများ ရန်ကုန်မြို့ သို့မဟုတ် တခြားသော မြို့နယ်များသို့ ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မြို့နယ်တစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊နှစ်ရှည်စီမံကိန်းများ မည်သို့ချမှတ် ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်မြေထဲက တစ်ခုဖြစ်တဲ့ ကိုကိုးကျွန်းမြို့နယ်ဟာ ရန်ကုန်မြို့ကနေ အနောက်တောင်ဘက် (၂၄၂)မိုင်၊ ဟိုင်းကြီးကျွန်းကနေ (၁၄၀)မိုင်ကွာဝေးပြီး ကပ္ပလီပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော် အကြားမှာတည်ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ လူဦးရေအားဖြင့် (၁၁၃၂)ဦးခန့် နေထိုင်ပြီး၊ ဒေသခံများဟာ အဓိကအားဖြင့် ငါးဖမ်းခြင်း၊ မျှော့၊ ခရုဖမ်းခြင်း စတဲ့ ရေလုပ်ငန်းများနဲ့ ဘုရားဆင်းတုတော်၊ ပုတီးလုပ်ငန်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ တည်နေရာကတော့ မြောက်လတ္တီတွဒ် (၁၄)ဒီဂရီ၊ (၃၆)မိနစ်နဲ့ (၁၄)ဒီဂရီ၊ (၉.၃၂)အကြား၊ အရှေ့လောင်ဂျီတွဒ် (၉၃)ဒီဂရီ၊ (၁၁.၁၅)မိနစ်မှာ တည်ရှိပြီးတော့ ရာသီဥတုအနေဖြင့် ပျမ်းမျှအပူချိန် (၃၄)ဒီဂရီစင်တီဂရိတ်၊ မိုးရေချိန်(၇၈.၆၉)လက်မခန့်ရှိတဲ့ ဒေသဖြစ်ပါတယ်။ အကျယ်အဝန်းကတော့ တစ်ကျွန်းလုံးဟာ (၃၃၀၃)ဧကရှိပြီးတော့ မြို့ပိုင်ဧရိယာကတော့ (၅၁၅.၀၅)ဧက ဖြစ်ပါတယ်။

၁၂-၇-၁၉၉၉ မှာ ပြည်ထဲရေးကနေ အမိန့်ကြော်ငြာစာဖြင့် ကိုကိုးကျွန်းကို တောင်ပိုင်းနဲ့ မြောက်ပိုင်း ကျေးရွာအုပ်စုကို ပေါင်းစပ်ပြီး မြို့အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ တစ်ကျွန်းလုံးရဲ့ လုံခြုံရေးကို တပ်မတော်ရေတပ်က အဓိကတာဝန်ယူထားပြီးတော့ ကျွန်းရဲ့ အနောက်ဘက်ခြမ်းကို ကန့်သတ်နယ်မြေအဖြစ်ထားရှိကာ တာဝန်မှအပ မည်သူမျှ ဖြတ်သန်းသွားလာခွင့် မရှိပါဘူး။ ကန့်သတ်ထားတာဟာ စုစုပေါင်း ကျွန်းဧရိယာရဲ့ တစ်ဝက်ကျော်ကျော်ခန့် ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအရ လိုအပ်တဲ့ ဌာနဆိုင်ရာ

များရှိသော်လည်းပဲ ကန့်သတ်ထားတာက ဌာနဆိုင်ရာများရှိသော်လည်းပဲ ရောက်ရှိဝန်ထမ်းများက ကျွန်းမှာ မပျော်မွေ့ကြပါဘူး။ ပြစ်ဒဏ်ကြောင့် ပို့ခံရသကဲ့သို့ ခံစားကြရပြီး နယ်ခံဝန်ထမ်းအချို့ကလွဲလို့ အမြန်ပြန်ပြေးကြဖို့ ကြံစည်ကြပါတယ်။ ဒါကလည်း အပြစ်မဆိုသာပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုကိုးကျွန်းဟာ အင်မတန်သာယာလှပတဲ့ မြို့ကလေးဖြစ်ပါတယ်။ ဌာနဆိုင်ရာများ ရှိသော်လည်းပဲ ရောက်ရှိဝန်ထမ်းများက မပျော်မွေ့ကြပါ။ အမြန်ပြန်ပြေးဖို့ ကြံစည်ကြပါတယ်။ ကိုကိုးကျွန်းဟာ အင်မတန်သာယာလှပတဲ့ မြို့ကလေးဖြစ်ပါတယ်။ ရေပေါ်ရေအောက် သယံဇာတတွေ မဖော်ထုတ်၊ မစမ်းသပ်ရသေးလို့ ဘယ်လောက်ကြွယ်ဝတယ် မသိနိုင်ပေမယ့် ရေပေါ်မှာ မြင်ရတဲ့ သဘာဝအလှတရားကတော့ အပြည့်ပါပဲ။ တန်ဖိုးကြီးလှပါတယ်။ ယခင်ခေတ်က နိုင်ငံကျော် နိုင်ငံရေးအကျဉ်းသားများ ထားခဲ့တဲ့ အကျဉ်းထောင် ဟောင်းနေရာတွေ၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်များ စခန်းချခဲ့တဲ့ ကတုတ်ကျင်းလို နေရာတွေရှိခဲ့တဲ့ သမိုင်းတန်ဖိုးလည်းကြီးပါတယ်။ တန်ဖိုးအကြီးဆုံးကတော့ ကျွန်းမှာနေထိုင်ကြတဲ့ ပြည်သူတွေ ဖြစ်ပါတယ်။

အဲဒီပြည်သူတွေ ကျန်းမာပျော်ရွှင်ဖို့၊ လူမှုအဆင့်အတန်းတွေ တိုးတက်ဖို့က ပိုအရေးကြီးပါတယ်။ အဲဒီအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေစတဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်း ဆောင်ရွက်နိုင်ဖို့က လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေဖို့က လိုအပ်ပါတယ်။ အခုထက်ထိ အင်တာနက် အသုံးပြုခွင့် မရသေးဘူးလို့ သိရပါတယ်။ ကိုကိုးကျွန်းဆိုတဲ့အတိုင်း ပထဝီအနေအထားအရ ရန်ကုန်မြို့နဲ့ ဆက်ဆံနိုင်ဖို့ ရေလမ်း၊ လေလမ်းပဲ ရှိပါတယ်။ ရေကြောင်းခရီးအနေနဲ့ ဟိုးအရင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကြီးတွေ ကမ်းရိုးတန်းပြေးဆွဲရင်း ဆိုက်ကပ်တတ်လို့ လိုက်ခွင့် မရပေမယ့် နောက်ပိုင်းမဆွဲတော့တဲ့အခါ တပ်မတော်စီမံကိန်းလုပ်ငန်းများအတွက် ကျွန်းသို့လာသော ကုန်တင်သင်္ဘောများကို အားကိုးပြီးတော့ လမ်းကြုံလိုက်နေရပါတယ်။ တစ်လတစ်ခါ သို့မဟုတ် နှစ်ပတ်တစ်ခါပါ၊ အခုတော့ စီမံကိန်းတွေပြီးသွားလို့ သင်္ဘောကြုံလိုက်ခွင့် မရှိတော့ပါဘူး။

လေကြောင်းအနေနဲ့ နှစ်ပတ်တစ်ကြိမ် လုံခြုံရေးလုပ်ငန်းများအတွက် သွားလာနေတဲ့ လေယာဉ်ခရီးစဉ် ရှိသော်လည်း လုံခြုံရေးလုပ်ငန်းဆိုင်ရာအတွက်သာ အဓိကဖြစ်လို့ နေရာလွတ်မှသာ ဒေသခံ ပြည်သူလူထုအနေနဲ့ လမ်းကြုံလိုက်ခွင့်ရပါတယ်။ ဒါကလည်း ကြိုတင်စာရင်းပေးထားမှသာ နှစ်ဦး၊ သုံးဦး လိုက်ခွင့်ရတာ ဖြစ်ပါတယ်။ အဲဒီမှာလည်း ဒေသခံဖြစ်ရမယ်။ တာဝန်ကျ ဝန်ထမ်းဖြစ်ရမယ်။ နိုင်ငံရေးသမား မဖြစ်ရဘူး စတဲ့ ထုတ်ပြန်ကြေညာမထားတဲ့ ကန့်သတ်ချက်တွေနဲ့သာ ရွေးချယ် လိုက်ခွင့်ပြုတယ်လို့လည်း ကြားသိရပါတယ်။ ဒေသခံပြည်သူတွေ၊ ဝန်ထမ်းတွေရဲ့ အားထားစရာ လေကြောင်းလမ်းကြုံလိုက်ခွင့်ရဖို့က အင်မတန်ခက်ခဲလှပါတယ်။ ကျွန်တော်တို့လို ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်းများ စိစစ်စစ်ဆေးရန် အတွက်လည်းကောင်း ကိုကိုးကျွန်းသို့ သွားရောက်နိုင်ရန် အကြိမ်ကြိမ်စာရင်းပေးသွင်းသော်လည်း ယနေ့အထိ သွားရောက်နိုင်ခြင်း မရှိသေးပါ။ ယခုဆိုရင် လမ်းကြုံလိုက်ဖို့ စာရင်းသွင်းတာတောင် လက်မခံဘူးလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ကိုယ်စားလှယ်တစ်ဦး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ဘဏ္ဍာငွေနဲ့ ဝယ်ယူထားသော လေယာဉ်ပျံနဲ့ လမ်းကြုံလိုက်ခွင့်ရရန်မှာ ၎င်းလေယာဉ်ပျံကို စီမံခန့်ခွဲနေသော အဖွဲ့အစည်းမှ တာဝန်ရှိသူများရဲ့ သဘောထားကြီးမှု၊ ကူညီရိုင်းပင်းလိုမှု၊ အသိအမှတ်ပြုလိုစိတ်ရှိမှုအပေါ် မူတည်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် မြို့နယ်တစ်ခုအဆင့်သတ်မှတ်ပြီဆိုရင် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရုံ၊ ဝန်ထမ်းများ ဖြည့်ဆည်းပေးရုံနဲ့ မလုံလောက်ပါဘူး။ ဝန်ထမ်းများရော၊ ပြည်သူများပါ ဘာကိုမှ ကြောင့်ကြမနေဘဲ လွတ်လပ်စွာ သွားနိုင်၊ လာနိုင်၊ စိတ်ကူးကြံစည်နိုင်၊ အလုပ်လုပ်ကိုင်နိုင်ဖို့လည်း လိုအပ်ပါတယ်။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်တစ်ခုဖြစ်တဲ့ ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူလူထုများ ရန်ကုန် သို့မဟုတ် အခြားသော မြို့နယ်များသို့ ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မြို့နယ်တစ်ခု၏ အင်္ဂါရပ်များ ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ မည်သို့ချမှတ်ဆောင်ရွက်ထားသည်ကို ------ (ဩဘာသံများ)

စည်းခြားထားသောဘဝတွင် နေသားကျနေသော ကျွန်းသူကျွန်းသားများ၏ မြင်ကွင်းပုံ (ဖဖ)



စည်းခြားထားသောဘဝတွင် နေသားကျနေသော ကျွန်းသူကျွန်းသားများ၏ မြင်ကွင်းပုံ (ဖဖ-၁ )



ဂျပန်တပ်များ စခန်းချခဲ့သည့် ကတုတ်ကျင်း ဂျပန်ပစ်ကတုတ် မြင်ကွင်းပုံ (ဖဖ-၂ )



**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၏ လိုအပ်နေသော ဝန်ထမ်းအိမ်ရာ၊ ဆေးရုံနှင့် အစိုးရရုံးများ တည်ဆောက်ရန် အတွက် လေယာဉ်ကွင်းဟောင်းနေရာ မြေ(၄၇)ဧကကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၏ လိုအပ်နေသော ဝန်ထမ်းအိမ်ရာ၊ ဆေးရုံနှင့် အစိုးရရုံးများ တည်ဆောက်ရန်အတွက် လေယာဉ်ကွင်းဟောင်းနေရာ မြေ(၄၇)ဧကကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ဟာ ကျွန်တော်တို့ ပခုက္ကူခရိုင်ရုံးဆိုက်တဲ့ ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှာ တည်ရှိပြီးတော့ ဧရာအနောက်မြို့တော်လို့ အများကသိတဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းပေါင်း (၅၂၀၀)ကျော် တာဝန်ထမ်းဆောင်နေတဲ့ မြို့ကြီး လည်းဖြစ်ပါတယ်။ ဒီတာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများလည်း ယခု အချိန်အထိ မရှိသေးပါဘူး။ ဒီဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း အိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ်ရှိသော်လည်း မြေနေရာ အခက်အခဲကြောင့် ယခုအချိန် အထိ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်ခြင်းလည်း မရှိခဲ့ပါဘူး။ ထို့အတူ ပခုက္ကူမြို့ ကျွန်တော်တို့ ပြည်သူ့ဆေးရုံကြီးဟာလည်း ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးဖြစ်ပါတယ်။ ဒီဆေးရုံကြီးမှာ နေ့စဉ်လူနာ (၄၀၀) ပတ်ဝန်းကျင် တက်ရောက်ကုသနေရတဲ့အတွက် အဆင့်တိုးမြှင့်ပေးရန်လည်း အထူးလိုအပ်လျက် ရှိပါတယ်။ ဒီ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတိုးချဲ့ရန် မြေနေရာမရှိတော့တဲ့အတွက် ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနမှ အမျိုးသမီးနဲ့ ကလေးဆေးရုံကြီး တည်ဆောက်ပေးရန် လုံလောက်တဲ့ မြေနေရာ တောင်းဆိုတဲ့အခါမှာ များစွာအခက်အခဲ ဖြစ်ရပါတယ်။

ဒါကြောင့် ဆေးရုံကြီး တည်ဆောက်ရန်အတွက်လည်း မြေနေရာအရေးပေါ် လိုအပ်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုအပ်နေတဲ့ နေရာတွေကို ကျွန်တော်တို့ မြို့ရဲ့လက်ရှိ အနေအထားအရ မြို့နဲ့ (၇)မိုင်၊ (၈)မိုင်ကွာဝေးတဲ့ နေရာများတွင်သာ လျာထားပေးနိုင်ခဲ့ပါတယ်။ ဒီ မြို့နဲ့အလှမ်းကွာဝေး တဲ့ မြေနေရာတွေကို ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်ပေးမယ်ဆိုရင် မြို့နဲ့အလှမ်းကွာဝေးလွန်း သဖြင့် ဝန်ထမ်းများအတွက်လည်း များစွာအခက်အခဲဖြစ်နိုင်ပါတယ်။ ဆေးရုံသစ်ကြီးကို တက်ရောက် ကုသကြမယ့် ဒီ လူနာများနဲ့ ဝန်ထမ်းများအတွက်လည်း များစွာအခက်အခဲဖြစ်စေမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု လေယာဥ်ကွင်းဟောင်း နေရာဟာဆိုရင် ဒီမြို့နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်နေပြီးတော့ လက်ရှိလည်း အသုံးမပြုတာ နှစ်ပေါင်း (၄၀)၊ (၅၀)လောက် ကြာမြင့်နေပြီဖြစ်တဲ့အတွက် ဒီ လေယာဥ်ကွင်းဟောင်းကြီးဟာ မြေကွက်ရိုက်ပြီး တော့ ကျူးကျော်လိုသူများအတွက်တော့ အလွန်စိတ်ဝင်စားတဲ့ ကွင်းပြင်ကြီးဖြစ်ပါတယ်။ အခုလက်ရှိ လည်း ဒီလေယာဥ်ကွင်းအဟောင်းကြီးထဲမှာ ကျွန်တော်တို့ ကျူးကျော်ပြီးတော့ ဝင်ရောက်နေထိုင်ကြ တဲ့ လူတွေလည်း များစွာရှိပါတယ်။ လေယာဥ်ကွင်းအသစ်ကြီးကိုလည်း ပြီးခဲ့တဲ့ (၁၀)စုနှစ်ကတည်းက မြေဧက(၁၀၀၀)လောက် အသုံးပြုပြီးတော့ တည်ဆောက်ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြို့နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့ ဒီလေယာဥ်ကွင်းဟောင်း မြေနေရာကိုသာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မြို့အတွက် လိုအပ်နေတဲ့ မြေနေရာများအတွက် စွန့်လွှတ်ပေးမယ်ဆိုရင် ကျွန်တော်တို့ ပခုက္ကူမြို့သူ၊ မြို့သားတွေနဲ့ မြို့ကိုလာရောက်ပြီး တာဝန်ထမ်းဆောင်ကြတဲ့ဝန်ထမ်းများ အတွက် အလွန်အဆင်ပြေစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာက ပခုက္ကူမြို့ ရဲ့ လိုအပ်နေတဲ့ ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံနှင့်ရုံးများ တည်ဆောက်ရန် ဒီလေယာဥ်ကွင်းဟောင်း မြေနေရာ (၄၇)ဧကကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ပေးရန် အစီအစဥ် ရှိ/မရှိ ကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ၏ ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်တစ်ခုဖြစ်သော ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူ လူထုများ ရန်ကုန်မြို့ သို့မဟုတ် တခြားသော မြို့များသို့ ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် အထူးအစီအစဥ်များ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် မြို့နယ်တစ်ခု၏ အင်္ဂါရပ်များနဲ့ ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဥ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖြေကြားချက်ကို ပြည့်ပြည့်စုံစုံတင်ပြနိုင်ရန်အတွက် လိုအပ်ပါက အချိန်ပိုခွင့်ပြုပေးပါရန် ကြိုတင်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကိုကိုးကျွန်းမြို့နယ်ဟာဆိုရင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်အတွင်းမှာ ပါဝင်ပြီး ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်ပြင်ပ (၁၂)မြို့နယ်ထဲက မြို့နယ်တစ်ခုဖြစ်ပြီး သာသနိက အဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ဈေး၊ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ဆိပ်ကမ်း၊ လေယာဉ်ကွင်း စသဖြင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်တဲ့ အခြေခံအဆောက်အအုံများဖြင့် တစ်စတစ်စ ပြည့်စုံလျက် ရှိပါတယ်။ ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် ဒေသခံစက်လှေကြီးများဖြင့် ကိုကိုးကျွန်းမြို့ နယ်နဲ့ ဟိုင်းကြီးကျွန်းမြို့နယ်သို့ ခရီးသည်နဲ့ ကုန်စည်တွေကို ရာသီဥတု အခြေအနေအပေါ် မူတည်ကာ ဆက်သွယ်ပို့ဆောင် ပြေးဆွဲလျက်ရှိပါတယ်။ ယခုအခါ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက် ခြင်းဖြင့် ကိုကိုးကျွန်းနဲ့ ရန်ကုန်မြို့သို့ စစ်ရေယာဉ်နဲ့ ပုဂ္ဂလိကပိုင်ရေယာဉ်များ ပြေးဆွဲခြင်းကြောင့် ဒေသနေပြည်သူများ ရေယာဉ်ကြုံ အခမဲ့လိုက်ပါနိုင်ကြပြီး တပ်မတော်လေယာဉ်နဲ့ မြန်မာအမျိုးသား လေကြောင်း လေယာဉ်များ ရံဖန်ရံခါ ပျံသန်းဆင်းသက်လျက်ရှိပါတယ်။

ကိုကိုးကျွန်းမြို့နယ်ရဲ့ သောက်သုံးရေဖူလုံမှု အခြေအနေမှာ (၁၀၀)ရာခိုင်နှုန်းဖြစ်ပြီး သောက်သုံးရေနဲ့ စိုက်ပျိုးရေ ရရှိမှု နည်းလမ်းများအနေဖြင့် ရေဂါလန်(၄၉)သန်းဆံ့ ကိုကိုးဆည်မှရေကို စက်များဖြင့် စုပ်ယူ၍ ရေဂါလန် (၄၀၀၀၀) ခန့် ရေစစ်ကန်တွင် အနည်ထိုင်ရေစစ်၍ ပိုက်လိုင်းများမှ တစ်ဆင့် မြို့နေပြည်သူများကို ပွင့်လင်းရာသီတွင် တစ်ပတ်လျှင် (၃)ကြိမ် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အခမဲ့ ရေပေးဝေ၍ သောက်သုံးရေများ ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ သောက်သုံးရေကန်နဲ့ တွင်းတိမ်ရေတွင်းများမှလည်း ရေကိုရယူသုံးစွဲလျက် ရှိပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအနေဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ (၂၀၀)ကေဗွီအေ မီးစက်(၁)လုံးမှ ဒီဇယ်ဆီ အသုံး ပြု၍ ထရန်စဖော်မာ (၁၀၀) KVA (၄)လုံးသို့ ဓာတ်အားပို့လွှတ်ကာ (၁၁) ကေဗွီအေ လိုင်းများမှ တစ်ဆင့် ညစဉ်(၆)နာရီမှ (၁၁)နာရီထိ လျှပ်စစ်ဓာတ်အား (၅)နာရီတိတိ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အရန်မီးစက် (၂၀၀) ကေဗွီအေ နဲ့ (၇၇) ကေဗွီအေ စုစုပေါင်း(၂)လုံး ထားရှိသုံးစွဲလျက် ရှိပါတယ်။ လျှပ်စစ်မီးရရှိရန် အခြားနည်းလမ်းအနေဖြင့် ဆိုလာပြားများ သုံးစွဲခြင်း၊ ကျေးလက်ဦးစီးဌာနမှ တပ်ဆင် ဖြန့်ဖြူးပေးထားတဲ့ ဆိုလာဘတ်ထရီမီးများ သုံးစွဲခြင်း၊ ညအချိန်မှာ မြို့တွင်း၊ မြို့ပြင်လမ်းမီးများ သုံးစွဲနိုင်ရန် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆိုလာသုံးမီးတိုင်များအား ဝယ်ယူတပ်ဆင် သုံးစွဲလျက် ရှိပါတယ်။

ဆက်သွယ်ရေးအနေနဲ့ လိုင်းဖုန်းများ တပ်ဆင်သုံးစွဲမှု မရှိသော်လည်း IP Star ဂြိုလ်တု ဆက်သွယ်ရေးစနစ်ဖြင့် ချိတ်ဆက်၍ CDMA (450) MHz တပ်ဆင်သုံးစွဲလျက်ရှိပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) မှ CDMA (800) MHz တာဝါတိုင် စိုက်ထူ ပေးခဲ့သဖြင့် ထပ်မံအသုံးပြုလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ငွေတိုက်အား ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အစိုးရဝန်ထမ်းများ လစာငွေထုတ်ယူခြင်းနဲ့ ပြည်သူများငွေလွှဲ၊ ငွေပို့လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ပိုမိုအဆင်ပြေလျက်ရှိပါတယ်။ ခရိုင် ကျေးလက်ဦးစီးဌာနမှလည်း

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြစိမ်းရောင်စီမံကိန်းဖြင့် မြို့နယ်ပြည်သူများရဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရင်းအနှီးများ ထုတ်ချေး ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ကျေးလက်၊ မြို့ပြ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ချက်နဲ့ မြို့နယ်တိုင်း၊ ကျေးရွာတိုင်း မီးလင်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်စေရေးကို ဦးစားပေးစီမံချက်အဖြစ် လာမည့်နှစ်များတွင် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ Power Point ဖြင့် အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဧရာဝတီတိုင်းဒေသကြီး ရန်ပုံငွေနဲ့ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစီမံကိန်းများကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၅-၂၀၁၆ အတွက်က စုစုပေါင်း (၃၀၅)သန်းကျပ် သုံးစွဲခဲ့ပါတယ်။ အဲဒီမှာ ရေထုတ်ပွိုက်တည်ဆောက်ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး နေအိမ်ဆောက်လုပ်ခြင်း၊ ဘဏ်ငွေတိုက်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်ခြင်းတို့ ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ဘဏ္ဍာငွေ စုစုပေါင်း ပြည်ထောင်စုရန်ပုံငွေ (၄၅)သန်း၊ နောက်ပြီးတော့ တိုင်းဒေသကြီး ရန်ပုံငွေကျပ်(၆၉၃.၄၆၆)သန်း စုစုပေါင်း (၇၃၈.၄၆၆)သန်းကို သုံးစွဲခဲ့ပါတယ်။ အဲဒီဟာတော့ ကျွန်တော်တို့ ချောင်းမြောင်းတွေ တူးဖော်ခြင်း၊ ပန်းခြံတည်ဆောက်ခြင်း၊ ရေပိုက်များသွယ်တန်းခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရုံးအကြီးစားပြင်ဆင်ခြင်းနဲ့ ဘဏ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ ပြည်ထောင်စု ရန်ပုံငွေ (၁၃၂.၉)သန်းနဲ့ တိုင်းဒေသကြီး ရန်ပုံငွေ(၆၁.၅)သန်း၊ စုစုပေါင်းကျပ်(၁၉၄.၄)သန်းကို သုံးစွဲ၍ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၆)ခန်းတွဲတစ်ထပ်၊ ဝန်ထမ်းအိမ်ရာ(၁)လုံး၊ နောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကိုကိုးကျွန်း လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ နောက်တစ်ခါ ကိုကိုးကျွန်းဘဏ်ခွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံနဲ့ စည်ပင်သာယာရေးအဖွဲ့ မြို့ပြအခြားလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဘတ်ဂျက်များသာမက ပြည်ထောင်စုရန်ပုံငွေမှ လိုအပ်ချက်များအပေါ် မူတည်၍ သုံးစွဲလျက်ရှိပါတယ်။ အဲဒီအပြင် ဖော်ပြပါ ဘတ်ဂျက်များမှာ ပါဝင်သုံးစွဲနိုင်ခြင်း မရှိတဲ့လုပ်ငန်းများမှာ သုံးစွဲနိုင်ရေးအတွက် ဖွံ့ဖြိုးရေး ရန်ပုံငွေများ ကျပ်သိန်း(၁၀၀၀)လည်း မြို့နယ်အသီးသီးတွင် ခွဲဝေပေးထားပြီးရုံမက စည်ပင်သာယာ နယ်နိမိတ်ပြင်ပ (၁၂)မြို့နယ်တွင် ပါဝင်တဲ့ ကိုကိုးကျွန်းမြို့နယ်အတွက် တိုင်းဒေသကြီး ဖွံ့ဖြိုးရေး ရန်ပုံငွေမှလည်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့က အထူးစီမံကိန်းအနေနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပ (၁၂)မြို့နယ်ရဲ့ လုပ်ငန်းများကို လျာထားငွေကျပ် (၃၂.၂) ဘီလီယံမှ ကိုကိုးကျွန်းမြို့နယ်အတွက် ကျပ်(၅၅၄.၂၄)သန်းနဲ့ မြောင်းတူးဖော်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ရေပေးဝေခြင်း၊ ပန်းခြံနှင့် ကလေးအားကစားကွင်း တည်ဆောက်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ပင်လယ်ရေနက် ဆိပ်ကမ်းတံတား(၁)ခုကို ရုပ်လုံးဖော် ဆောင်ရွက်ပြီးစီးပြီး ကျန်တဲ့လုပ်ငန်းအနည်းငယ်အား ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူများရဲ့ လူနေမှုအဆင့်အတန်း

တိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေပြီး လက်ရှိခံစားနေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဆိုင်ရာ အခြေအနေများ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသနေ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကာ ဦးစားပေးအလိုက် ဆောင်ရွက်ရမယ့် လုပ်ငန်း များကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများမှာ ထည့်သွင်းရေးဆွဲ ဆောင်ရွက် လျက်ရှိပါတယ်။

ကိုကိုးကျွန်းမြို့နယ်ဟာဆိုရင် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး ရာသီဥတု ကောင်းမွန်ကာ သဘာဝဘေးဒဏ် ခံရခြင်းလည်းမရှိဘဲ သာယာလှပတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြ သွားသလို နောင်လာမယ့် နှစ်များမှာ ကမ္ဘာလှည့် ခရီးသွားများကို ဆွဲဆောင်နိုင်မယ့် Tourist Attraction ဒေသတစ်ခုအဖြစ် စီမံကိန်းချ ဆောင်ရွက်သွားပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါ တယ်။ ကိုကိုးကျွန်းသို့ သွားလာရေး အဆင်ပြေစေရန် ရန်ကုန်- ကိုကိုးကျွန်း - မော်လမြိုင်-ထားဝယ်- မြိတ်- ကော့သောင်း၊ မြိတ်-ထားဝယ်- မော်လမြိုင်- ကိုကိုးကျွန်း - ရန်ကုန် ကျွန်းပတ် ပြေးဆွဲမည့် ရေယာဉ်ခရီးစဉ်များ ပြေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ရဲ့ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့နယ်၏ လိုအပ်နေသော ဝန်ထမ်းအိမ်ရာ၊ ဆေးရုံနှင့် အစိုးရရုံးများ တည်ဆောက်ရန် အတွက် လေယာဉ်ကွင်းဟောင်းနေရာ မြေ(၄၇)ဧကကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဆက်လက် ဖြေကြားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ ပခုက္ကူ လေယာဉ်ကွင်းဟောင်းမှာ ဒုတိယကမ္ဘာစစ် အတွင်းက အသုံးပြုခဲ့တဲ့ လေယာဉ်ကွင်းဟောင်းတစ်ခု ဖြစ်ပါတယ်။ ပြေးလမ်း အလျားပေ(၃၆၀၀)နဲ့ အကျယ်ပေ (၉၀)ရှိ မြေကြီးကွင်းဖြစ်ပြီး တွင်အော်တာ လေယာဉ်များ ၁၉၇၆ ခုနှစ်ကနေ ၁၉၈၂ ခုနှစ်အထိ ဆင်းသက်အသုံးပြုခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ အဲဒီ လေယာဉ်ကွင်းဟောင်းရဲ့ မြေဧရိယာက(၄၇)ဧက ရှိပြီးတော့ ဒီလေယာဉ်ကွင်းဟောင်းဟာ ပခုက္ကူမြို့နဲ့ မိုင်ဝက်ခန့်သာ ကွာဝေးတဲ့အတွက် လေယာဉ်ပြေးလမ်း အရှေ့တောင်ဘက်အနီးမှာ လူနေအိမ်ခြေ တိုးချဲ့လာတာရယ် ပြေးလမ်းရဲ့ အနောက်မြောက်ဘက်ထိပ်အနီးမှာ ရွှေကျောင်းချောင်း တည်ရှိ နေတာရယ်တို့ကြောင့် ပြေးလမ်းကို တိုးချဲ့တည်ဆောက်ရန် အခက်အခဲ ရှိခဲ့ပါတယ်။

အဲဒါကြောင့် တပ်မတော်အစိုးရလက်ထက်က ပခုက္ကူမြို့အနီးတစ်ဝိုက်မှာ ခေတ်မီလေယာဉ် ကြီးများ ဆင်းသက်နိုင်မယ့် လေယာဉ်ပြေးလမ်းသစ် တည်ဆောက်ရန် လမ်းညွှန်ချက်အရ မြေနေရာ ရှာဖွေခဲ့ရာ ပခုက္ကူမြို့ရဲ့ မြောက်ဘက်(၄)မိုင်ခန့်၊ လေယာဉ်ကွင်းဟောင်းနဲ့ (၃)မိုင်ခွဲခန့်အကွာမှာ အသင့်တော်ဆုံးဖြစ်တဲ့ မြေနေရာမှာ လေယာဉ်ပြေးလမ်း ခံနိုင်ရည်အား ပေါင် (၁၅၀၀၀၀)ရှိတဲ့

လေယာဉ်ပြေးလမ်း အလျား (၈၅၀၀)ပေ၊ အကျယ်(၁၀၀)ပေကို တည်ဆောက်ခဲ့ပြီး ပခုက္ကူလေဆိပ် အသစ်ကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပခုက္ကူလေဆိပ်အသစ်ကဆိုရင် ပုဂံ-ညောင်ဦးလေဆိပ်နဲ့ မိုင်(၂၀)ခန့် ကွာဝေးပါတယ်။ ပုဂံဒေသမှာ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုး များစွာ တည်ရှိနေတာကြောင့် ပုဂံ-ညောင်ဦးလေဆိပ်မှာ ခေတ်မီဂျက်လေယာဉ်ကြီးများ ဆင်းသက် အသုံးပြုခြင်းကြောင့် လေယာဉ်အင်ဂျင်မှ ထွက်ရှိလာတဲ့ အသံလှိုင်းများရဲ့ တုန်ခါမှုတွေနဲ့ ရှေးဟောင်း စေတီပုထိုးတွေ ထိခိုက်ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်အတွက် အလေးဝန် ပေါင်(၅၁၀၀၀) ရှိတဲ့ ATR လေယာဉ်တွေ၊ ပေါင်(၁၁၈၀၀၀)ကျော်ရှိတဲ့ Embraer-190 လေယာဉ်အမျိုးအစားနဲ့ Caravan လေယာဉ်ငယ်များ၊ ရံဖန်ရံခါ စင်းလုံးငှား Jet လေယာဉ်ငယ်များကိုသာ ဆင်းသက် အသုံးပြုခွင့် ပေးထားပါတယ်။

အဲဒါကြောင့် ပုဂံဒေသမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အနီးဆုံးဖြစ်တဲ့ ပခုက္ကူလေဆိပ်အသစ်ကို နိုင်ငံတကာ လေကြောင်းလိုင်းများရဲ့ လေယာဉ်ကြီးများ ပျံသန်းပြေးဆွဲနိုင်ဖို့တိုးချဲ့ရန် လျာထားချက်ရှိပါတယ်။ ပခုက္ကူလေဆိပ်အသစ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင့် တိုးချဲ့တဲ့အခါမှာ အဲဒီလေဆိပ်အသစ်မှာ တာဝန်ထမ်းဆောင်ကြမယ့် ဝန်ထမ်းတွေ အတွက် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းနဲ့ လေဆိပ်နဲ့ပတ်သက်ပြီး ဆက်စပ်ဆောင်ရွက်မယ့် ဌာနအဖွဲ့အစည်းများ အသုံးပြုရန် ပခုက္ကူလေယာဉ်ကွင်းဟောင်းရဲ့ မြေဧရိယာ (၄၇)ဧကမှ ခန့်မှန်းခြေ မြေဧရိယာ (၂၇)ဧကခန့် ချန်လှပ်ပြီးတော့ ကျန်ရှိတဲ့ မြေဧရိယာဧက(၂၀)ကို ပခုက္ကူမြို့အတွက် လိုအပ်နေတဲ့ ဝန်ထမ်းအိမ်ရာ၊ ဆေးရုံနဲ့ အစိုးရရုံးများ တည်ဆောက်နိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီး ဌာနပိုင်မြေမှ စွန့်လွှတ်၍ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်နေသော ဟားခါး - မတူပီ - ပလက်ဝလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကုမ္ပဏီများ တင်ဒါခေါ်ယူပြီး လုပ်ကိုင်စေရန်နှင့် မလိုအပ်သောနေရာတွင် လမ်းတာချဲ့မည့်အစား လမ်းကွေ့များတွင် ဦးစားပေး လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်နေသော ဟားခါး -

မတူပီ - ပလက်ဝလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကုမ္ပဏီများ တင်ဒါခေါ်ယူပြီး လုပ်ကိုင်စေရန်နှင့် မလိုအပ်သော နေရာတွင် လမ်းတာခဲ့မည့်အစား လမ်းကွေ့များတွင် ဦးစားပေး လမ်းတာခဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါမေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်၏မြို့တော် ဟားခါးမှ ချင်းပြည်နယ်တောင်ပိုင်းရှိ ရေဇွာမြို့၊ မတူပီမြို့၊ ပလက်ဝမြို့များကို ဆက်သွယ်သောလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးနိုင်ရန်အတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရဲ့ ဒုတိယနေ့ ၂၆-၇-၂၀၁၆ ရက်နေ့မှာ ကျွန်တော် ဒီ အမျိုးသားလွှတ်တော် မှာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းထားပါတယ်။ လွှတ်တော်ကတိထဲ ဝင်သွားပြီးတော့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် (၃၀၂၈.၄၇၅)သန်းဖြင့် ကျောက်ခင်းခြင်း၊ အမာခံလမ်း ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ လမ်းတာခဲ့ခြင်း လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ တစ်လမ်းလုံး ကတ္တရာခင်းခြင်းလုပ်ငန်းကို (၉)မိုင်နဲ့ (၄)ဖာလုံခန့် လုပ်ဆောင်ခဲ့ပါတယ်။

ထိုကဲ့သို့ ကတ္တရာလမ်းခင်းရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်လမ်းဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ထားပြီး တာဝန်ကျေသက်သက်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်နေသောကြောင့် လမ်း အရည်အသွေး စံချိန်လုံးဝမမီသည်ကိုတွေ့ရှိရပါတယ်။ ကျောက်များကိုလည်း အနီရောင်ကျောက် အပျော့ ကျောက်မွများဖြင့် ခင်းထားသည်ကို တွေ့ရပါတယ်။ ကတ္တရာခင်းရာတွင် ပါးပါးလေး နှမ်းဖြူးသလို ဖြူးထားတာကို တွေ့ရှိရပါတယ်။ ဟားခါး-မတူပီ လမ်းပိုင်း မိုင်တိုင်(၁၃၉)ကနေ မိုင်တိုင်(၁၄၀) အကြားမှာလည်း (၁)မိုင်အတွက် ကတ္တရာပုံး ချထားတာကို (၆၄)ပုံး တိတိကျန်အောင် လုပ်ဆောင် နေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ နောက် အခြားနေရာများတွင်လည်း ထိုနည်းလည်းကောင်းပဲ ကတ္တရာပုံးများစွာ ကျန်ရှိနေတာကို တွေ့ရပါတယ်။ ကျောက်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ရေမြောင်း တည်ဆောက်ခြင်းစသည့် အရည်အသွေးမပြည့်မီသော ဓာတ်ပုံများကို ဆောက်လုပ်ရေးဝန်ကြီးရုံးသို့ မေးခွန်းနှင့်အတူ ကျွန်တော် ပူးတွဲပို့ထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော် ဘဏ္ဍာငွေများစွာကို အကုန်ကျခံပြီး လုပ်ဆောင်ပေးနေသည်ကို အလဟဿမဖြစ်စေဘဲ ပြည်သူ့အတွက် အကျိုးရှိစွာ အသုံးပြုစေချင် သောကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ယခုလို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ တာဝန်ကျေ သဘောဖြင့် လုပ်မယ့်အစား အရည်အချင်းရှိသော ကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် လုပ်ကိုင်စေမယ် ဆိုပါက ကုမ္ပဏီနာမည်လည်း မပျက်အောင် သတိထားကြရမယ့်အပြင် လမ်းအရည်အသွေးလည်း

ပိုမိုကောင်းမွန်မယ် ဖြစ်ပါတယ်။ ယခုနိုင်ငံတော်အစိုးရ၏ ကျင့်သုံးနေသော ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း ပိုရှိလာမယ်ဖြစ်ပါတယ်။ နိုင်ငံတော်၏ဘဏ္ဍာငွေကို အကျိုးရှိရှိ အသုံးပြုချင်သောဆန္ဒနဲ့ ဒီဟာကို တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ လမ်းတာချဲ့ခြင်း လုပ်ငန်းများကိုလည်း မလိုအပ်သောနေရာများတွင် တာချဲ့မယ့်အစား လမ်းကွေ့များ၊ လမ်းကျဉ်းမြောင်းသောနေရာများ၊ အတက်အဆင်းကြမ်းတဲ့ နေရာများနဲ့ အန္တရာယ်ရှိသောလမ်းကွေ့များကို အဓိကဦးစားပေး တာချဲ့ပေးစေချင်ပါတယ်။ အခု လမ်းတာချဲ့တဲ့ပုံစံက မလိုအပ်သည့်နေရာများတွင် လမ်းကို တာချဲ့နေကြတာကို တွေ့ရပါတယ်။ အင်ဂျင်နီယာတွေ မဟုတ်ရင်တောင်မှ သာမန်အရပ်သားများက သိမြင်နိုင်တဲ့အရာ ဖြစ်ပါတယ်။

ဤကဲ့သို့ လုပ်ဆောင်ခြင်းကို ဝန်ကြီးဌာနအနေဖြင့်လည်း ခရိုင်၊ မြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနကို သေချာလမ်းညွှန်ပေးပါရန် တစ်ပါတည်း တင်ပြချင်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်နေသော ဟားခါး - မတူပီ - ပလက်ဝ ကတ္တရာခင်းခြင်းလုပ်ငန်းအား အရည်အသွေးရှိသော ကုမ္ပဏီများ တင်ဒါခေါ်ယူပြီး လုပ်ကိုင်စေရန်နဲ့ လမ်းတာချဲ့မှုအား မလိုလားအပ်သောနေရာများတွင် ချဲ့မည့်အစား လမ်းကွေ့များ၊ လမ်းကျဉ်းမြောင်းသောနေရာများနဲ့ အတက်၊ အဆင်းကြမ်းသည့်နေရာများ၊ အန္တရာယ်ကွေ့များတွင် ဦးစားပေးတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ ဒီမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အိန္ဒိယ - မြန်မာ ကုလားတန် ဘက်စုံစီမံကိန်း ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ထိ ဖောက်လုပ်မည့် ကားလမ်း ဧရိယာအတွင်း ဒေသခံပြည်သူများ ပိုင်ဆိုင်သော လယ်မြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေများ ပါဝင်ပြီး ၎င်းကိစ္စအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ပေးဆောင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အိန္ဒိယ - မြန်မာ ကုလားတန် ဘက်စုံစီမံကိန်း ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ထိ ဖောက်လုပ်မည့် ကားလမ်းဧရိယာအတွင်း ဒေသခံပြည်သူများ ပိုင်ဆိုင်သော လယ်မြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေများ ပါဝင်ပြီး ၎င်းကိစ္စအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ပေးဆောင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်း

မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် မြောက်ဘက် အိန္ဒိယနိုင်ငံ၊ အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရခိုင်ပြည်နယ်တို့နဲ့ နယ်နိမိတ် ထိစပ်လျက်တည်ရှိပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းက မြန်မာအစိုးရနဲ့ အိန္ဒိယအစိုးရ (၂)နိုင်ငံ ပူးပေါင်းပြီး ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် ကုလားတန် ဘက်စုံစီမံကိန်း ဆောင်ရွက်ရန် သဘောတူ ထားခဲ့ကြောင်း ပဏာမသိရှိခဲ့ရပါတယ်။

ဖော်ပြပါ အိန္ဒိယ-မြန်မာ ဆက်သွယ်ထားသော ကုလားတန်ဘက်စုံစီမံကိန်းသည် မိမိတို့ ဒေသအတွက် အကျိုးပြုလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမှာ ဖြစ်သည့်အတွက် များစွာဝမ်းသာ ဂုဏ်ယူမိပါတယ်။ အခု စီမံကိန်းသည် ချင်းပြည်နယ် တစ်ခုတည်းအတွက်သာမကဘဲ မြန်မာနိုင်ငံ၏ စီးပွားရေးဈေးကွက်စနစ်ကိုပါ ဖော်ဆောင်ပေးရာလည်း ရောက်ကြောင်း သုံးသပ်မိပါတယ်။ လက်ရှိအနေအထားအရ အိန္ဒိယ - မြန်မာ ကုလားတန်ဘက်စုံ စီမံကိန်း ပလက်ဝဆိပ်ကမ်း တည်ဆောက်မှုသည် (၉၀)ရာခိုင်နှုန်းခန့် ပြီးစီးနေကြောင်း မြင်တွေ့ရ ပါတယ်။ အခု ပလက်ဝဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အထိ (၄)လမ်းသွား ကားလမ်းမကို အောက်တိုဘာလတွင် စတင်ဖောက်လုပ် အကောင်အထည်ဖော်မည်ဟု သိရှိရပါတယ်။ အဆိုပါကားလမ်း ဖောက်လုပ်မည့် ဧရိယာအတွင်း ဒေသခံပြည်သူများ ပိုင်ဆိုင်သောကိုင်းမြေ၊ လယ်မြေ၊ ဥယျာဉ်ခြံမြေများ ပါဝင်နေလျက် ရှိနေပါတယ်။ ကားလမ်းဖောက်လုပ်မည့် လမ်းကြောင်းတွင် ပါဝင်နေ သော ပြည်သူပိုင် မြေယာများကို တာဝန်ရှိသူများမှ တိုင်းတာမှုများကို ဆောင်ရွက်နေကြောင်း ကြားသိ ရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အိန္ဒိယ - မြန်မာ ကုလားတန် ဘက်စုံစီမံကိန်း ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ထိ ဖောက်လုပ်မည့် ကားလမ်း ဧရိယာအတွင်း ဒေသခံပြည်သူများ ပိုင်ဆိုင်သော ကိုင်းမြေ၊ လယ်မြေ၊ ဥယျာဉ်ခြံမြေများ ပါဝင်ပြီး ၎င်းကိစ္စအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ပေးဆောင်ရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော ဆောက်လုပ်ရေးလုပ်ငန်းများ ရင်ဆိုင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပြေလျော့စေရန်နှင့် လုပ်ငန်းများ အဆင်ပြေစွာ လည်ပတ် ဖွံ့ဖြိုးလာစေရန်အတွက် စုပေါင်းပိုင် အဆောက်အအုံ (CONDOMINIUM) ဆိုင်ရာ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော ဆောက်လုပ်ရေးလုပ်ငန်းများ ရင်ဆိုင်

ကြုံတွေ့နေရသည့် အခက်အခဲများကို ပြေလျော့စေရန်နှင့် လုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်ဖွံ့ဖြိုး လာစေရန်အတွက် စုပေါင်းပိုင် အဆောက်အအုံ (CONDOMINIUM)ဆိုင်ရာ နည်းဥပဒေကို ရေးဆွဲ ပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံနဲ့ လူမျိုးကို တစ်ပါတီအာဏာရှင်စနစ်အောက်ကနေပြီးတော့ လွတ်မြောက်စေပြီးတော့ ဒီနေ့ ကျွန်တော်တို့ ဒီလိုလွှတ်တော်ကြီးတွေနဲ့ ဒီလိုဒီမိုကရေစီလမ်းကြောင်း ပေါ်မှာ လျှောက်လှမ်းနိုင်ရန် ၁၉၈၈ ခု၊ အရေးတော်ပုံကြီးမှာ အသက်တွေ၊ သွေးတွေ၊ ဘဝတွေနဲ့ အနစ်နာခံမှုတွေနဲ့ ပေးဆပ်ခဲ့ကြတဲ့ ကျောင်းသား၊ ရဟန်း၊ ဝန်ထမ်း၊ ပြည်သူတွေကို နှစ်ပတ်လည် အထိမ်းအမှတ်အနေနဲ့ အလေးပြုဦးညွတ်ရင်းနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး များနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးမှုအဆင့်အတန်းကို အဲဒီနိုင်ငံ ရဲ့ ရုပ်ဝတ္ထုအဆောက်အအုံတွေကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ နိုင်ငံမှာ ကမ္ဘာ့အဆင့်မီ အဆောက်အအုံများ ဆောက်လုပ်နေမှုဟာ အလွန်နည်းပါးနေသေးတာကို ကြည့်ခြင်းအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနှေးကွေးနေတာ၊ ဆောက်လုပ်ရေးလုပ်ငန်း တွေမှာ အခက်အခဲတွေ ရှိနေကြတယ်ဆိုတာ မြင်သာနေတဲ့ အချက်ဖြစ်ပါတယ်။ ဆောက်လုပ်ပြီးတဲ့ တိုက်ခန်းများရဲ့ ဈေးနှုန်းကြီးမြင့်နေမှုအပေါ် အများပြည်သူ လက်လှမ်းမီသည်အထိ ဘဏ်တွေကလည်း ဝန်ဆောင်မှု မပေးနိုင်တဲ့အတွက် တိုက်ခန်းအများစုဟာ အရောင်းမထွက်သလို ပြည်သူတွေကလည်း ခံစားခွင့်မရ ဖြစ်နေကြပါတယ်။ နည်းဥပဒေ မရှိသေးတဲ့အတွက်ကြောင့် နိုင်ငံခြားသားများကိုလည်း မရောင်းနိုင်တဲ့အတွက် ရင်းနှီးမြှုပ်နှံထားတဲ့ အတိုးများတက်လေ တိုက်ခန်းဈေးတွေလည်း ပိုတက်လာ နိုင်ပါတယ်။ ငွေမလည်ပတ်တဲ့အတွက်လည်း နောက်ထပ် ရင်းနှီးမြှုပ်နှံ အသစ်ဆောက်လုပ်ဖို့လည်း ခက်ခဲနေတာနဲ့အမျှ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်တော့မှာ ဖြစ်ပါ တယ်။

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေရှိမှသာလျှင် ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ နဲ့ ဆောက်လုပ်မယ့်တိုက်ခန်းများကို နိုင်ငံသားများ အဆင်ပြေစွာ ဝယ်ယူနေထိုင်နိုင်မယ့် လုပ်ထုံး လုပ်နည်းတွေနဲ့ နိုင်ငံခြားသားများကို ရောင်းချခွင့်များလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါမှသာ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု မြန်ဆန်လာတာနဲ့အမျှ နိုင်ငံအနှံ့ အဆင့်မြင့် အဆောက်အအုံများ အလျင်အမြန်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများလည်း ဈေးနှုန်းသက်သာ စွာနဲ့ အဆင့်အတန်းမြင့်မြင့် နေထိုင်ခွင့် အခွင့်အရေးတွေ ရရှိနိုင်မှာဖြစ်သလို မြန်မာ့တိုက်ခန်းများကို လည်း စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများမှာလည်း ဈေးကွက်တင် ရောင်းချနိုင်

တော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီးမှာလည်း ရုပ်ဝတ္ထုအဆောက်အအုံများ ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီလို အလားအလာတွေ၊ ဒီလိုမျှော်လင့်ချက်တွေကို မျှော်လင့်ရင်းနဲ့ အခုမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါတဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ပြေလျော့သွားစေနိုင်ဖို့နဲ့ အဆင်ပြေစွာ လုပ်ငန်းများ လည်ပတ်ဖွံ့ဖြိုးလာစေဖို့ အတွက် စုပေါင်းပိုင် အဆောက်အအုံ (CONDOMINIUM) ဆိုင်ရာ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သည့်အချိန်တွင် ပြဋ္ဌာန်းနိုင်မည် ဖြစ်ပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် မှ မေးမြန်းထားတဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်နေသော ဟားခါး - မတူပီ - ပလက်ဝလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ကုမ္ပဏီများ တင်ဒါခေါ်ယူပြီး လုပ်ကိုင်စေရန်နှင့် မလိုအပ်သောနေရာတွင် တာချဲ့မည့်အစား လမ်းကွေ့များတွင် ဦးစားပေးတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါး-မတူပီ-ပလက်ဝလမ်းပိုင်းဟာ ပြည်နယ် အစိုးရမှ စီမံခန့်ခွဲသော ဟားခါး-မတူပီလမ်းနှင့် မတူပီ-ပလက်ဝ လမ်းအပိုင်းတို့ ပါဝင်ပါတယ်။ ဟားခါး-မတူပီ-ပလက်ဝလမ်းအပိုင်းသည် မိုင်(၀)မိုင် (၄)ဖာလုံမှ (၁၇၃)မိုင် (၃)ဖာလုံအထိ (၁၇၂)မိုင် (၇)ဖာလုံ၊ မတူပီ-ပလက်ဝလမ်းသည် (၁၃၅)မိုင်အထိ၊ စုစုပေါင်း(၃၀၇)မိုင် (၇)ဖာလုံ ရှည်လျားပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဟားခါး-မတူပီလမ်းသည် ပြည်နယ်ရန်ပုံငွေကျပ်(၃၀၂၈.၄၇၅) သန်းဖြင့် ရွာတွင်းလမ်းအပိုင်းများ ကတ္တရာလမ်းသစ်ခင်းခြင်း (၉)မိုင် (၄)ဖာလုံ၊ ကတ္တရာ ထပ်ပိုးလွှာ

ခင်းခြင်း (၉)မိုင် (၃)ဖာလုံ၊ ကျောက်လမ်းခင်းခြင်း (၆)ဖာလုံ၊ အမာခံလမ်းခင်းခြင်း (၄)မိုင် (၃)ဖာလုံ စတဲ့ လမ်းခင်းခြင်းလုပ်ငန်းများနှင့် မတူပီ-ပလက်ဝလမ်းတွင် ပြည်နယ်ရန်ပုံငွေကျပ် (၁၀၂၅.၀၀)သန်းဖြင့် အမာခံကျောက်ခင်းခြင်းလုပ်ငန်း (၂၄)မိုင် (၁)ဖာလုံအား ဆောင်ရွက်ရာတွင် လမ်းဦးစီးဌာန၏ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းသုံး ပစ္စည်းတင်ဒါများ ခေါ်ယူ၍ လမ်း၊ လေယာဉ်ကွင်း၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ တိုင်းတာပုံထုတ်သော လမ်းလွှာပုံစံနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဟားခါး - မတူပီလမ်း (ရေဇွာ-မတူပီအပိုင်း) မိုးရာသီ တောင်ပြို၍ လမ်းပိတ်ဆို့မှု ကြီးမားသော နေရာ (၄)မိုင် (၇)ဖာလုံအား ဦးစားပေး၍ လမ်းတာချဲ့ခြင်းလုပ်ငန်းကို ကုမ္ပဏီများသို့ တင်ဒါများ ခေါ်ယူပြီး ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဟားခါး-မတူပီ လမ်းတွင် ပြည်နယ်ရန်ပုံငွေ ကျပ်(၇၇၆၁.၄၀)သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း (၁၇)မိုင် (၆)ဖာလုံ၊ ကတ္တရာလမ်း တိုးချဲ့ခင်းခြင်း (၆)ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁)မိုင် (၄)ဖာလုံ၊ အမာခံလမ်း ခင်းခြင်း (၁၃)မိုင် (၅)ဖာလုံ၊ ကျောက်လမ်းခင်းခြင်း (၁၈)မိုင် (၁)ဖာလုံ၊ နိုင်လွန်ကတ္တရာခင်းခြင်း (၄)ဖာလုံနှင့် မတူပီ-ပလက်ဝလမ်းတွင် ပြည်နယ်ရန်ပုံငွေ (၄၈၁.၀၈)သန်းဖြင့် အမာခံလမ်းခင်းခြင်း (၆)မိုင် (၂)ဖာလုံ၊ ကတ္တရာတိုးချဲ့ခြင်း (၆)ဖာလုံတို့အား ဆောင်ရွက်ရာတွင် လမ်း၊ လေယာဉ်ကွင်း၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ လမ်းလွှာအတိုင်း ဆောင်ရွက်၍ နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်းအတွက် လည်း သတ်မှတ် Mix Design တောင်းခံပြီး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်းခင်းခြင်း လုပ်ငန်းများအနက် လမ်းဦးစီးဌာနမှ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများကို ပစ္စည်းတင်ဒါ ခေါ်ယူ၍လည်းကောင်း၊ လုပ်ငန်းအချို့ကို လမ်းပိုင်းအလိုက် လုပ်ငန်းတင်ဒါ ခေါ်ယူ၍လည်းကောင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဟားခါး-မတူပီ လမ်း၏ တောင်ပြိုလမ်း ပိတ်ဆို့မှုများပြားသောနေရာများနှင့် အမှန်တကယ် လိုအပ်သောနေရာများ၊ လမ်း မျက်ကွယ်ကွေ့ နေရာများနှင့် မတူပီ-ပလက်ဝလမ်းတွင် အတက်အဆင်းမတ်စောက်သော ဆမီးမြို့ ထွက် အတက်ပိုင်း ဆမီးနှင့် ဘွေလီအကြား အတက်အဆင်း မတ်စောက်သောအပိုင်းများကို ဦးစားပေး ၍ အပိုင်းအလိုက် အတက်အဆင်း ဖြေညှိ၍ လမ်းတာချဲ့ခြင်း လုပ်ငန်းများကို ကုမ္ပဏီများသို့ တင်ဒါ ခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း မှ မေးမြန်း ထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အိန္ဒိယ-မြန်မာ ကုလားတန် ဘက်စုံစီမံကိန်း ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ထိ ဖောက်လုပ်၍ ကားလမ်းဧရိယာနှင့် ဒေသခံပြည်သူများပိုင်ဆိုင်သော လယ်မြေ၊

ကိုင်းမြေ၊ ဥယျာဉ်ခြံမြေများ ပါဝင်ပြီး ၎င်းကိစ္စအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ပေးဆောင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပလက်ဝမြို့မှ မြန်မာနိုင်ငံနယ်စပ် (အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ဇိုရင်ပွိ)ထိ ဖောက်လုပ်မည့် မော်တော်ကားလမ်းဟာ (၆၈)မိုင်ခန့် ရှည်လျားပြီးတော့ အိန္ဒိယနိုင်ငံ၊ M/s IRCON အင်ဂျင်နီယာအဖွဲ့မှ ကွင်းဆင်း တိုင်းတာခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်၊ မတ်လမှာ Detail Project Report ကို ရေးဆွဲတင်ပြပြီး ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ Grand Aid နဲ့ ဆောင်ရွက်သွားမယ့် Project ဖြစ်ပါတယ်။ အဆိုပါ လမ်းဖောက်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံအစိုးရမှ တင်ဒါခေါ်ယူခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်၊ ဧပြီလမှာ အိန္ဒိယနိုင်ငံ၊ M/s IRCON Consultant and Management ကုမ္ပဏီအား အကြံပေးနှင့် လုပ်ငန်းကြီးကြပ်ခြင်းအတွက်လည်းကောင်း၊ M/s EPIL (Engineering Project Indial Limited) နှင့် C&C Construction JV ကုမ္ပဏီအား လုပ်ငန်းဆောင်ရွက်ရန်အတွက်လည်းကောင်း တင်ဒါစနစ်ဖြင့် ရွေးချယ်တာဝန်ပေးအပ်ထားပါတယ်။ ၎င်းကားလမ်း ဖြတ်သန်းရာ လမ်းကြောင်းရှိ ပလက်ဝမှ စက်ပစ်ပြင်အထိ (၆၀.၇)ကီလိုမီတာနှင့် စက်ပစ်ပြင်မှ ဇိုရမ်ပွိအထိ (၄၈.၅) ကီလိုမီတာ ရှိပြီးတော့ လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်ရန်အတွက်နှင့် နယ်နိမိတ်သတ်မှတ်ရန်အတွက် အသေးစိတ် ပြန်လည်တိုင်းတာခြင်းလုပ်ငန်းများကို ယခုလက်ရှိဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒ့ါအပြင် လမ်းဦးစီးဌာနမှ အဆိုပါ လမ်းအူကြောင်းအား အတည်ပြုသတ်မှတ်ပြီးပါက လမ်းနယ်ဧရိယာအတွင်းမှာ ပါဝင်တဲ့ ဒေသခံပြည်သူများ ပိုင်ဆိုင်တဲ့ အပိုင်းကို ထိုက်သင့်တဲ့လျော်ကြေးငွေများ ပေးဆောင်ဖို့အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး မှ မေးမြန်းထားတဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော ဆောက်လုပ်ရေးလုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ပြေလျော့စေရန်နှင့် အဆင်ပြေစွာ လုပ်ငန်းများ လည်ပတ်ဖွံ့ဖြိုးလာစေရန်အတွက် စုပေါင်းပိုင်အဆောက်အအုံ (CONDOMINIUM) ဆိုင်ရာ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သည့်အချိန်တွင် ပြဋ္ဌာန်းနိုင်မည်နှင့် ပတ်သက်တဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ၂၉-၁-၂၀၁၆ ရက်နေ့မှာ ဥပဒေအမှတ်(၂၄) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးတော့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ(မူကြမ်း)ရေးဆွဲရေးအဖွဲ့ကို ၅-၂-၂၀၁၆ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ နည်းဥပဒေ(မူကြမ်း)ကို ပြုစုရေးဆွဲခဲ့ပါတယ်။ နည်းဥပဒေမူကြမ်းမှာ သက်ဆိုင်ရာ

အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် အစည်းအဝေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၈-၃-၂၀၁၆ ရက်နေ့မှာ ဂျပန်နိုင်ငံ၊ Ministry of Land, infrastructure, Transport and Tourism (MLIT)မှ ကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော ပထမအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲကိုလည်းကောင်း၊ ၈-၄-၂၀၁၆ ရက်နေ့နှင့် ၂၈-၁၂-၂၀၁၆ ရက်နေ့များမှာ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများကိုလည်းကောင်း၊ ၂၆-၄-၂၀၁၇ ရက်နေ့တွင် စင်ကာပူ နိုင်ငံ၊ စုပေါင်းပိုင်အဆောက်အအုံ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ကိုးကားလေ့လာနိုင်ရေး အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ အစည်းအဝေးပွဲများအပြင် ဌာနတွင်း အစည်းအဝေးပွဲများကိုလည်း အပတ်စဉ် ကျင်းပပြုလုပ်ပြီးတော့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ရေးဆွဲထားတဲ့ နည်းဥပဒေ (မူကြမ်း)ကို ဥပဒေကြောင်းအရ အကြံပြု ပြန်ကြားပေးနိုင်ဖို့အတွက် ၁၆-၅-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီးတော့၊ အဆိုပါ နည်းဥပဒေ(မူကြမ်း)နဲ့ ပတ်သက်ပြီးတော့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ရဲ့ ဖိတ်ကြားချက်အရ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ၂၇-၆-၂၀၁၇ ရက်နေ့နှင့် ၁၁-၇-၂၀၁၇ ရက်နေ့များမှာ ပြည်သူ့လွှတ်တော် ရေးရာဆောင်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အထက်ပါ ညှိနှိုင်းဆွေးနွေးချက်များအရ ပြင်ဆင်ရေးဆွဲထားတဲ့ နည်းဥပဒေ(မူကြမ်း)ကို ဥပဒေကြောင်းအရ အကြံပြု ပြန်ကြားနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ၁၄-၇-၂၀၁၇ ရက်နေ့မှာ ထပ်မံပေးပို့ခဲ့ရာမှာ ၃-၈-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ အကြံပြုချက်(၇)ချက်ဖြင့် သဘောထားမှတ်ချက် ပြန်ကြားလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက် အတိုင်း ပြင်ဆင်ရေးဆွဲထားသည့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ(မူကြမ်း)ကို ၇-၈-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်ပေးပို့ထားပါတယ်။ ပြည်ထောင်စု ရှေ့နေ ချုပ်ရုံးရဲ့ အတည်ပြုချက် ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက် တင်ပြပြီး နည်းဥပဒေ အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘာမေးမှာလဲ၊ မေးလိုက်။

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ အတည်ပြုပြဋ္ဌာန်းနိုင်မယ့်ရက် မပါတဲ့အတွက် ဒီ (CONDOMINIUM) နည်းဥပဒေ မည်သည့်အချိန်တွင် ပြဋ္ဌာန်းနိုင်မည် ဖြေကြားပေး ပါရန် ထပ်ဆင့်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခင်ဗျား သူပြောတဲ့အခြေအနေကို ဥပဒေရုံးကို ပို့ထားတယ်။ ဥပဒေရုံးက ပြန်လာရင် သမ္မတ ဆီ ပို့မယ်ဆိုတာ ရှင်းနေတာပဲ။ ရက်က ဘယ်လိုပြောလို့ရမလဲ။ ရက်ကတော့ ဘယ်လိုအတိအကျတော့ ပြောလို့ရမလဲ။ နည်းနည်း စဉ်းစားပါဦး။ ဥပဒေရုံး ပို့ထားပြီ။ ဥပဒေရုံးက ပြန်လာရင် သမ္မတရုံးကို တင်ပေးမယ်။ တင်ပေးပြီးရင် အမြန်ဆုံးလုပ်မယ်လို့ ရက်ကို ဘယ်လို အတိအကျ သွားပြောလို့ရမလဲ။ ဟိုက ဘယ်လို ပြန်မလဲဆိုတာ။ ကဲ ပြော ဘာပြောမလဲ။

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ CONDOMINIUM Law နဲ့ ပတ်သက်ပြီးတော့ ဒါလေးက အင်မတန် အရေးကြီးပါတယ်ခင်ဗျား။ ကျွန်တော်တို့လည်း ဒီ CONDOMINIUM Law ကို ပြဋ္ဌာန်းလိုက်မှ လက်ရှိ ကျွန်တော်တို့ ဒီလေးလံနေတဲ့ ကျွန်တော်တို့ ဒီတိုက်ခန်းတွေရဲ့ အရောင်းအဝယ်၊ အဓိကကတော့ နိုင်ငံခြားသားတွေ ဝယ်ခွင့်ရဖို့ ဒါ အဓိက ရေးဆွဲတာ။ နိုင်ငံခြားသားတွေက အဆောက်အအုံမှာ အခန်း(၁၀၀)ရှိရင် အခန်း(၄၀) (၄၀)ရာခိုင်နှုန်း နိုင်ငံခြားသား ဝယ်ယူခွင့်ရမယ်၊ သို့ပေမယ့်လည်း ဒီ CONDOMINIUM Law မှာ အခု ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ အခက်အခဲလေးတစ်ခုက ဘာလို့လဲဆိုတော့ ကျွန်တော်တို့က မူလက မူရင်းဥပဒေ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ မူရင်းဥပဒေတစ်ခုက နိုင်ငံခြားသားဆိုရင် မြေကိုပိုင်ဆိုင်ခွင့် မရှိရပါဘူး။ မည်သည့်နိုင်ငံခြားသားမှ မြန်မာနိုင်ငံမှာရှိတဲ့မြေကို ပိုင်ဆိုင်ခွင့် မရှိပါဘူး။ သို့သော်လည်း CONDOMINIUM ဆိုတဲ့ ဥပဒေက International မှာ CONDOMINIUM သည် စုပေါင်းပိုင် အဆောက်အအုံသည် အဲဒီရဲ့ မြေပါ ပိုင်ဆိုင်ခွင့် ရနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ မူရင်းဥပဒေနဲ့ ဒီ CONDOMINIUM ဥပဒေနဲ့ ဒီနှစ်ခုကို ဒီမှာ နည်းဥပဒေမှာ မှန်ကန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့အတွက် ခုနလို အဆင့်ဆင့် ဆောင်ရွက်ဖို့ နောက်ဆုံးပိတ်တော့ ဒီ အထူးစီမံကိန်းများသည် ကျွန်တော်တို့ ဒီ ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာ နောက်ဆုံးပိတ် ကျွန်တော်တို့သည် ၂၇-၆-၂၀၁၇ ရက်နေ့မှာ နောက်ဆုံးပိတ် ဆွေးနွေးတဲ့အချိန်မှာ ဆုံးဖြတ်ချက်၊ အတည်ပြုချက်က ၁၁-၇-၂၀၁၇ ရက်နေ့မှာ အတည်ပြုချက်ရတာဖြစ်ပါတယ်။ အဲဒါကတော့ အဓိက ကတော့ နိုင်ငံခြားသားသည် ဒီ CONDOMINIUM မှာနေတဲ့ ကာလတစ်လျှောက်လုံးတော့ ပိုင်တယ်။ အခန်းကို ပိုင်တယ်။ သို့သော် ဒီ CONDOMINIUM ကြီးကို ပြိုပျက်သွားလို့ရှိရင်၊ ဒါမှမဟုတ်လို့ရှိရင်၊ ဖျက်ရတဲ့အချိန် ဆိုလို့ရှိရင် သူ့မှာ ပိုင်ဆိုင်ခွင့် သူ မရှိတော့ဘူး။ သို့သော် ကျန်တဲ့ မြန်မာနိုင်ငံသား တွေကတော့ ပိုင်နေမယ်။ ဒီမြေကို ဆက်ပိုင်နေတယ်။ အဲဒီအပိုဒ်လေးကို ခြွင်းချက်အနေနဲ့ ကျွန်တော်တို့ ထည့်လိုက်တဲ့အတွက် အဲဒါအားလုံး ပြေလည်မှု ရသွားပါတယ်။ အဲဒီအပိုဒ်လေးပေါ်မှာ ကျွန်တော်တို့ ငြင်းခုံတာ တစ်နှစ်လောက်၊ တစ်နှစ်လောက် ဆွေးနွေးနေတာဖြစ်ပါတယ်။ အခုတော့ အားလုံး သဘောတူ ပြီဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရှေ့နေချုပ်ရုံးကလည်း ဒီအချက် (၇)ချက်ကို အတည်ပြုပေးလိုက်ရင် သူကလည်း အမြန်ဆုံး ကျွန်တော်တို့ဆီ ပြန်မှာပါ။ ပြန်တယ် ဆိုရင်တော့ ကျွန်တော် ထင်ပါတယ်။ ဒီ အမြန်ဆုံး ကျွန်တော်တို့ဘက်ကဆိုရင်တော့ (၁)လ မကျော် တော့ပါဘူး။ ဒါ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ထိုနည်းတူစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ကလည်း ဦးခင်မောင်လတ် တင်သွင်းသည့် အဆိုနှင့် အကြောင်းအရာ သဘောထားတူညီသည့် အဆိုတစ်ခုကို ဦးခင်မောင်လတ် ပေးပို့ထားပြီး နောက်မိနစ် အနည်းငယ် အတွင်းမှာ ဥက္ကဋ္ဌထံ ပေးပို့လာပါတယ်။ အဆိုတင်သွင်းသူ နှစ်ဦး၏ ဆန္ဒပြည့်ဝစေရန်နှင့် တူညီသော အခွင့်အရေးများ ရရှိစေရန်အတွက် ဥက္ကဋ္ဌထံသို့ ပထမဦးစွာ အဆို လာရောက်တင်သွင်းသူ ဦးခင်မောင်လတ် က အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ်(၁)အရ အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်သွင်းရမှာဖြစ်ပြီး ဒေါ်ထုမေ က ထောက်ခံရန် ဥက္ကဋ္ဌ အနေနဲ့ ပြောကြားလိုပါတယ်။

ယခု ဦးခင်မောင်လတ် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံး မင်္ဂလာပါ။ အားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တင်သွင်းမယ့်အဆိုက မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မေယုနယ်ခြားဒေသမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ၁၀ ရက်နေ့တွေမှာ ကျီးကန်းပြင်၊ နယ်ခြားစောင့်ရဲဌာနချုပ်၊ ကိုးတန်ကောက် စခန်း၊ ငါးခူရစခန်းတွေကို အစွန်းရောက် အကြမ်းဖက်သမားများက တိုက်ခိုက်ခြင်းဟာ စနစ်တကျ ပြင်ဆင်ခဲ့ခြင်းဆိုတာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါတယ်။ အဲဒီနောက်မှာ အစွန်းရောက် အကြမ်းဖက် သမားများဟာ ဤဒေသရှိ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများကိုပါ စည်းရုံးသိမ်းသွင်းပြီး အမာခံအဖြစ် ခြေကုတ်ယူလျက် အဖွဲ့ဝင်တွေကို စည်းရုံးသိမ်းသွင်းခဲ့ပါတယ်။ မရတဲ့သူများကို သစ္စာဖောက်အဖြစ် သတ်မှတ်ပြီး နေ့စဉ်နဲ့အမျှ ဖမ်းဆီးသတ်ဖြတ်မှုတွေ ဖြစ်ပေါ်လျက် ရှိနေပါတယ်။ ပြီးတော့ ဒီနှစ် ဇွန်လ ၂၀ ရက်မှာ မေယုတောင် ကြောတစ်လျှောက် လျှို့ဝှက်စခန်းနေရာများ၊ လှိုဏ်ခေါင်းများ၊ အကြမ်းဖက် သင်တန်းများကို တွေ့ရှိရခြင်း၊ သတ်ဖြတ်မှုများ ဆက်တိုက်ဖြစ်နေခြင်းတို့ကြောင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှ ရခိုင်မျိုးနွယ်စုဝင် လူနည်းစုများရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း အခြေအနေသည် ဆိုးဝါးစွာကျဆင်းလျက် နေရပ်စွန့်ခွာ ထွက်ပြေးနေရတဲ့အခြေအနေကို ရောက်ရှိနေ ပါတယ်။ ဒီအခြေအနေများဟာ ဒုတိယကမ္ဘာစစ် ၁၉၄၂ ခုနှစ်တွင် ရခိုင်မျိုးနွယ်များ သတ်ဖြတ်ခံခဲ့ ရတဲ့ အကြိုကာလ အဖြစ်အပျက်များနဲ့ ထပ်တူကျနေတယ်လို့ ဒေသခံသက်ကြီးပုဂ္ဂိုလ်များက ပြောပါ တယ်။ ဆိုတော့ စိုးရိမ်ကြောင့်ကျမှုတွေဟာ အဲဒီဒေသတွင်းမှာ မြင့်တက်လာနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်၊ မောင်တောဒေသမှာ လွန်ခဲ့တဲ့ (၂)လ (၃)အတွင်း ဖြစ်စဉ် များကိုကြည့်ရင် တိုင်းရင်းသား လူနည်းစုများရဲ့ စိုးရိမ်ကြောက်လန့်မှုဟာ အကြောင်းမဲ့သက်သက် မဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ အရှိန်မြှင့်တင်လာပြီး အခြေအနေပိုဆိုးလာရန် အလားအလာ ရှိနေတဲ့အတွက် ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ဇွန်လ ၂၇ ရက်အထိ သတ်ဖြတ်ခံ ကြရသော ရခိုင်နဲ့ရခိုင်မျိုးနွယ်ဝင် (၈)ဦးရှိနေပြီ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်(၉)ဦး၊ တပ်မတော်သား (၅)ဦး ကျဆုံးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထားရှိပါတယ်။ အခုဆိုရင် ဆယ်ဂဏန်း အရေအတွက် နောက်ထပ်တိုးလာပြီ ဖြစ်ပါတယ်။ ဘူးသီးတောင်၊ မောင်တောဒေသကို ဖိလစ်ပိုင်နိုင်ငံ၊ မာရာဝီဒေသကဲ့သို့ ဖြစ်လာနိုင်တယ်လို့ နိုင်ငံတကာပညာရှင်တွေက သုံးသပ်တာ လည်း ရှိပါတယ်။ အယ်လ်ခိုင်ဒါ၊ တာလီဘန် စသော အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြမ်းဖက် နယ်မြေအသစ်ဟာ အရှေ့တောင်အာရှ ဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ အယ်လ်ခိုင်ဒါခေါင်းဆောင် ဇဝါဟာရီ က မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များက မူဆလင်များအတွက် အယ်လ်ခိုင်ဒါ အိန္ဒိယမူဆလင်အဖွဲ့ခွဲကို ဖွဲ့စည်းထားပြီဖြစ်ကြောင်း တရားဝင်ကြေညာထားပြီးလည်း ဖြစ်ပါတယ်။ ဒီအထဲမှာမှ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသကို သူတို့အတွက် အကြမ်းဖက် နယ်မြေအဖြစ် သတ်မှတ်ထားပြီဖြစ်ကြောင်း ထင်ရှားနေပါတယ်။ ၂၀၁၆ ခုနှစ်၊ Global Terrorism Index ရဲ့ အကြမ်းဖက်မှု အညွှန်းကိန်းအရ မြန်မာနိုင်ငံဟာ အဆင့်(၄၅) နားကို ရောက်ရှိ နေပါတယ်။ ဒါကြောင့် ဘူးသီးတောင်၊ မောင်တောဒေသရဲ့ အကြမ်းဖက်ခံနိုင်ရမှု အခြေအနေဟာ အလွန်မြင့်မားနေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ကမ္ဘာ့(၁၀)နိုင်ငံမြောက် လူဦးရေ အသိပ်သည်းဆုံးနိုင်ငံဖြစ်ပြီးတော့ လူဦးရေတိုးပွားနှုန်းဟာ (၁.၅)ရာခိုင်နှုန်းလောက် ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့အတွက် နယ်စပ်ဖြတ်ကျော်သွားလာမှုများ၊ ခိုးဝင်အခြေချနေထိုင်မှုများ ရှိနေဆဲဖြစ်ပါတယ်။ မေလ ၄ ရက်နေ့က ဖြစ်ပေါ်ခဲ့သော ဘူးသီးတောင်မြို့နယ်၊ သဲနီရွာ၊ လက်လုပ်မိုင်းသင်တန်းမှာ မော်လဝီဆရာတစ်ဦးနဲ့အတူ နိုင်ငံခြားသား(၂)ဦး ပါဝင်နေခြင်းက ဒါကို သက်သေပြနေပါတယ်။ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်မှာ လူဦးရေ အချိုးအစား အလွန်ကွာခြားတဲ့အတွက် ဌာနေတိုင်းရင်းသား လူနည်းစုတွေဟာ ကျီးလန့်စာစားဘဝဖြင့် ရပ်တည်နေရပါတယ်။ မိမိတို့ရဲ့ကျေးရွာများကိုစွန့်ခွာပြီး မကြာခဏထွက်ပြေးနေရာမှာ ယခု လောလောဆယ်မှာ လူရာထောင်ချီပြီးတော့ လုံခြုံတဲ့နေရာဆီ၊ မြို့ပြများဆီကို ထွက်ပြေးနေရဆဲ ဖြစ်ပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုကျေးရွာများဟာ အချို့ဆိုရင် အိမ်ခြေ(၅)ဆောင်၊ (၆)ဆောင်လောက်ပဲ ကျန်ရှိနေပြီးတော့ အချို့ (၄၀)၊ (၅၀)၊ (၁၀၀)အောက်အများဆုံး ဖြစ်ပါတယ်။ လူဦးရေ အလွန်နည်းပါတယ်။ တစ်ဖက်နိုင်ငံက အခြေချဝင်ရောက်လာသူများရဲ့ အိမ်ခြေထောင်ချီရှိတဲ့ ကျေးရွာများရဲ့ ဝိုင်းပတ်မှုကို ခံနေရပါတယ်။ လယ်မြေရှားသောဒေသဖြစ်၍ လှိုမြောင်၊ မြစ်ချောင်း၊ တောတောင်ထဲမှာ ဖားရှာ၊ ငါးရှာ၊ ထင်းခုတ်၊ တောင်ယာလုပ် အလုပ်ကို စားသောက်နေရပါတယ်။ ဒီလိုအသက်မွေးနေစဥ်မှာပဲ တစ်ဖက်ကျူးကျော်သူများရဲ့ နှောင့်ယှက်တားဆီးခြင်း၊ သီးနှံများကို ဖျက်ဆီးခြင်းကို ခံနေရတာ တွေ့ ရှိပါတယ်။

၂၀၁၂ ခုနှစ်၊ ဇွန်လ ပဋိပက္ခနောက်ပိုင်းမှာ အခြေအနေ ပိုဆိုးလာပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ အကြမ်းဖက်မှု နောက်ပိုင်းမှာဆိုရင် ဒီထက်ပိုလို့ ဆိုးလာပါသေးတယ်။ ရွာမှ မီတာ(၂၀၀)လောက်ထွက်မိတာနဲ့ နေ့ခင်းကြောင်တောင် အသက်အန္တရာယ်ခြိမ်းခြောက်မှု ကြုံနေရပါတယ်။ တောင်ယာတောထဲကို လူ(၅)ယောက် (၆)ယောက်စုပြီးတော့ ဟင်းစားရှာထွက်ရင်တောင်မှ အသက်အန္တရာယ်နဲ့ ရင်းပြီးတော့ စွန့်စားရတဲ့အလုပ်မျိုး ဖြစ်လာပါတယ်။ ဒီလိုနဲ့ တိုင်းရင်းသားကျေးရွာတွေ တစ်ရွာချင်း ရပ်တည်ရေး၊ ရွာအချင်းချင်း ဆက်သွယ်ရေးနဲ့ လူမှုပတ်ဝန်းကျင်ဟာ ရပ်တည်လို့ မရလောက်အောင် ခက်ခဲလာပြီးတော့ အခုဆိုရင် လုံးလုံးပါးလာကြပါတယ်။ အကြမ်းဖက်သမားတို့ရဲ့ ရည်ရွယ်ချက်က ဒေသတွင်းမှာ တိုင်းရင်းသားကျေးရွာများကို ဖယ်ထုတ်ပြီးတော့ အဲဒီမြေတွေကို သူတို့လိုချင်တာ ဖြစ်ပါတယ်။ ယခု ဩဂုတ်လ ၃ ရက်နေ့မှာပဲ မောင်တောမြို့နယ်၊ ကိုင်းကြီးရွာမှာ ရခိုင်မျိုးနွယ်စု မြိုတိုင်းရင်းသား(၈)ဦးကို အစွန်းရောက် အကြမ်းဖက်သမားများက သတ်ဖြတ်သွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေယုဒေသသည် နယ်စပ်ဒေသဖြစ်ခြင်း၊ တစ်ဖက်လူဦးရေ အလွန်ထူထပ်များပြားပြီး တိုင်းရင်းသားလူဦးရေ နည်းပါးခြင်း၊ နိုင်ငံတကာဖိအားများနှင့် ဆက်စပ်နေခြင်းတို့ကြောင့် အစိုးရပိုင်းမှ တိုင်းရင်းသားကျေးရွာများရဲ့ လုံခြုံရေးနှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်မှုရှိအောင် အကောင်အထည်ဖော်နိုင်ခြင်း နှောင့်နှေးနေရပါတယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ထိရောက်သော အရေးယူဆောင်ရွက်ခြင်းများ မလုပ်နိုင်ခြင်းအပေါ် ဒေသခံများက ယုံကြည်အားကိုးမှု ကျဆင်းနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ တဖြည်းဖြည်း တင်ပြပေးပါ။ ဒါကတော့ မောင်တောနယ်မှာ အခုစွန့်ခွာထွက်ပြေးလာတဲ့ တိုင်းရင်းသားတွေဖြစ်ပါတယ်။ ဒါကတော့ ရသေ့တောင်မြို့နယ်ကနေပြီးတော့ ဒီစေတီပြင် စံပြရွာကို ထွက်ပြေးလာတဲ့ တိုင်းရင်းသားကျေးရွာများ ဖြစ်ပါတယ်။ ဒါကတော့ တောင်ပေါ်မှာရှိတဲ့ အကြမ်းဖက်စခန်းကို ရှာဖွေတွေ့ရှိတာ ဖြစ်ပါတယ်။ ဒါကတော့ အကြမ်းဖက်သမားတွေ အစည်းအဝေးထိုင် ညှိနှိုင်းနေတာ ဖြစ်ပါတယ်။ ဒီမှာ INGO တစ်ခုက Care ဆိုတဲ့ ကျောပိုးအိတ်ကိုလွယ်ထားတာ တွေ့ရပါတယ်။ ဒါကတော့ သူတို့ သင်တန်းသား တွေခေါ်တဲ့ သူတို့ကြော်ငြာတစ်ခု ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်ကို ဘူးသီးတောင်မောင်တောက ဒီက ဘင်္ဂါလီနယ်မြေတွေက တဖြည်းဖြည်း ဝိုင်းပတ်နေတာ ဖြစ်ပါတယ်။ ဒီအနီရောင်နဲ့ခြယ်ပြထားတဲ့ မြောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ တစ်ဆက်တစ်စပ်တည်း ရှိပါတယ်။ ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက် လုံခြုံရေးစခန်းငယ် အကြမ်းဖက် ခံရပြီးနောက်မှာ ရခိုင်ပြည်နယ်လွှတ်တော်ရဲ့ စုံစမ်းရေးကော်မတီအစီရင်ခံစာ (၂)စောင် ထုတ်ပြန် ပြီးတော့ တောင်းဆိုခဲ့ပေမယ့်လည်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိလို့ သိသာသော တိုးတက်မှုများမရှိလို့ အခြေအနေ ပြောင်းလဲမလာပါဘူး။ အခုဆိုရင် ဒီအကြမ်းဖက်သမားတွေဟာ ရသေ့တောင်မြို့နယ်ထဲတိုင်အောင် ရောက်ရှိလာပါပြီ။ အကြမ်းဖက်အဖွဲ့များကို အမြစ်ပြတ် ရှာဖွေ ဖော်ထုတ်ရာမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ် များမှာ တာဝန်ထမ်းဆောင်နေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူ(၅၀၀)၊ (၆၀၀)က ဝိုင်းဝန်းတိုက်ခိုက် အကြမ်းဖက်ရန်ရှာပြီးနောက် လောလောဆယ်မှာပဲ ဩဂုတ်လ ၄ ရက်နေ့မှာ ရသေ့တောင်မြို့နယ်၊ စေတီပြင်တိုက်နယ်၊ အောက်နန်းရာကျေးရွာမှာ RSO အကြမ်းဖက်သမားတွေကို ဖမ်းဆီးဖို့လာတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်ပြုလာတဲ့အတွက် အဲဒါကို တားဆီးဖို့ ထိရောက်သော လုပ်ငန်းအစီအမံများကို နိုင်ငံတော်အစိုးရအနေနဲ့ ချပေးဖို့လိုအပ်ပါတယ်။ အထူးသဖြင့် လိုအပ်လို့ ရှိရင် သင်တန်းပေးမည့်သူများကို ချပေးဖို့ နိုင်ငံတော်အစိုးရကို အကြံပြုလျက် အခုအဆိုဖြစ်တဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက် အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးပါရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာသော တိုင်းရင်းသားများ၏ ကျေးရွာ များ ဆက်လက်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အရေးယူဆောင်ရွက်ပေးပါရန် အဆိုကို တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မောင်တောမြို့နယ်တွင် နေရပ် စွန့်ခွာထွက်ပြေးလာသော မြို့ တိုင်းရင်းသားများ မြင်ကွင်းပုံ ( ၁၁ )




ရသေ့တောင်မြို့နယ် စေတီပြင် စံပြကျေးရွာသို့ ထွက်ပြေးလာကြသော ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားများ မြင်ကွင်းပုံ (၁၁-၁)



INGO အဖွဲ့ CARE ကျောပိုးအိတ်နှင့်အတူ တွေ့ရသော အကြမ်းဖက်သမားများ မြင်ကွင်းပုံ (၀၀-၂)



**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံဖို့ ဒေါ်ထုမေ အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံး မင်္ဂလာပါ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ အဆိုအား ဖြည့်စွက်ထောက်ခံဆွေးနွေးမယ့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျွန်မ ဒေါ်ထုမေ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်၊ မောင်တောဒေသနဲ့ ရသေ့တောင်မြို့နယ်များမှ ကျေးရွာများမှာ ပြည်သူလူထုရဲ့ အသက်အန္တရာယ်များနှင့် အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်စားသောက်ရေးကို ထိထိရောက်ရောက် ကာကွယ်မှုပြုရန်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်မှု တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့အား အစီအစဉ်တကျ စီမံပြုလုပ်ပြီး ထိထိရောက်ရောက် အမြန်ဆုံး အရေးယူဆောင်ရွက်ပေးရန် အခုအချိန်အခါမှာ အရေးတကြီး လိုအပ်လာပါပြီ။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောနဲ့ ရသေ့တောင်မြို့နယ်မှာ အပါအဝင် ကျေးရွာများမှာ နေထိုင်လျက်ရှိကြတဲ့ အပြစ်မဲ့တိုင်းရင်းသား ပြည်သူများဟာ အကြမ်းဖက်ဘင်္ဂါလီများရဲ့ သတ်ဖြတ်မှုဘေးရန်ကြောင့် အသက်အန္တရာယ်စိုးရိမ်ရတဲ့ အခြေအနေ၊ လုပ်ကိုင်စားသောက်နေရတဲ့ အခြေအနေ၊ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာနေပါပြီ။

အထက်ပါအကြောင်းအရာကိစ္စနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်၊ အထူးသဖြင့် မောင်တော၊ ရသေ့တောင်မြို့နယ်များမှာ ဘင်္ဂါလီများရဲ့ အန္တရာယ်ကြောင့် ဒေသတွင်းလုံခြုံရေးမှာ တစ်နေ့ထက်တစ်နေ့ ဆိုးရွားလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှ စပြီးတော့ အကြမ်းဖက် သတ်ဖြတ်ခံရမှု ကြိုကြားကြိုကြားဖြစ်ရာမှ ယခုနှစ်ပိုင်းမှာဆိုလို့ရှိရင် ခပ်စိပ်စိပ်ဖြစ်လာတာကြောင့် ဒေသခံတိုင်းရင်းသားများ လုပ်ကိုင်စားသောက်ရေး၊ သွားရေး၊ လာရေးမှအစ အခက်အခဲများစွာ ရှိနေကြပါပြီ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့နံနက် ရခိုင်ပြည်နယ်၊ မောင်တောခရိုင် အမှတ်(၁) နယ်ခြားစောင့်တပ်ရဲကွပ်ကဲမှုနယ်မြေဖြစ်တဲ့ ကျီးကန်းပြင်ကာကွယ်ရေးဌာနချုပ်ဟာ အကြမ်းဖက်စီးနင်းသူ (၉၀)ခန့်ကလည်းကောင်း၊ ရသေ့တောင်မြို့နယ်၊ ကိုးတန်ကောက်ကင်းစခန်းအား အကြမ်းဖက်တိုက်ခိုက်သူ အင်အား(၃၀)ခန့်ကလည်းကောင်း၊ ငါးခူရနယ်မြေရဲစခန်းအား အကြမ်းဖက်တိုက်ခိုက်သူ (၅၀)ဦး ခန့်ကလည်းကောင်း အသီးသီးဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များ ကျဆုံးကာ လက်နက်မျိုးစုံ (၅၁)ခု၊ ကျည်မျိုးစုံ အတောင့်(၁၀၁၄၀)၊ လှံစွပ်(၁)ခု၊ ကျည်အိမ်(၂၈)ခု ပျောက်ဆုံးခဲ့ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိတဲ့ တပ်မတော်စစ်ကြောင်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား (၃၀၀)ခန့်က ဝိုင်းဝန်းတိုက်ခိုက်မှုများ ရှိခဲ့ပါတယ်။ အဲဒီလို အကြမ်းဖက်တိုက်ခိုက်မှု၊ စီးနင်းမှုတို့ကြောင့် ဒေသခံပြည်သူများ များစွာတုန်လှုပ်ချောက်ချားနေရပြီး နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

အဆိုပါကိစ္စနဲ့ပတ်သက်ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ညနေ(၇)နာရီမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမမှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပြောကြားရာမှာတော့ ပြည်သူများအနေဖြင့် လုံခြုံရေးနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မရှိကြစေရန်၊ တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တည်ငြိမ်အေးချမ်းရေးသည် တိုင်းပြည်အတွက် အရေးကြီးသည့်အခြေခံအဆောက်အအုံဖြစ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပေါင်းစပ်၍ ပိုမိုကောင်းမွန်သည့် လုံခြုံရေးအစီအစဉ်များ ဆောင်ရွက်သွားရန်ရှိပါကြောင်း ပြောကြားခဲ့ပေမယ့် ရခိုင်ပြည်နယ်အတွင်း အပြစ်မဲ့ပြည်သူများမှာတော့ လက်တွေ့ဘဝမှာ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုက မကြာခဏဆိုသလို ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ဝမ်းနည်းစွာ ကြုံတွေ့ရပါတယ်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်ဒေသ၊ မေယုတောင်တန်းမှာ လှိုဏ်ဂူများ စနစ်တကျ ပြုလုပ်ပြီး အကြမ်းဖက်သင်တန်းပို့ချနေတယ်လို့ ယူဆရတဲ့နေရာများကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှာ တွေ့ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် မေယုတောင်တန်းမှာလည်းပဲ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့က မေယုတောင်မှာ ပျောက်ဆုံးနေတဲ့ရွာသားများကို လုံခြုံရေးတပ်မတော်စစ်ကြောင်းက တပ်ဖွဲ့ဝင်များနဲ့ ရွာသားများ လိုက်လံရှာဖွေရာမှာတော့ ပျောက်ဆုံးနေသူရဲ့ အသုံးအဆောင်ပစ္စည်းတချို့နဲ့ ဘင်္ဂါလီအကြမ်းဖက်သမားများ ဆောက်လုပ်ထားသည်ဟု ယူဆရတဲ့ တဲစခန်းများ၊ INGO၊ NGO၊ UN စတဲ့ အဖွဲ့အစည်းများရဲ့ တံဆိပ်ပါ ရိုက်နှိပ်ထားတဲ့ လူသုံးကုန်ပစ္စည်း အများအပြားကို တွေ့ရှိခဲ့ကြောင်း၊ UN လက်အောက်ခံ WFA အပါအဝင် INGO၊ NGO အဖွဲ့အစည်းက အကြမ်းဖက်သမား

များကို တိုက်ရိုက်ပံ့ပိုးနေသလားဟု ပြည်သူလူထုက အခုအချိန်မှာ မေးခွန်းထုတ်နေကြပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ မောင်တောမြို့နယ်တောင်ပိုင်း၊ ကိုင်းကြီးရွာမှာ တောင်ယာလုပ်ကိုင်စားသောက်နေကြတဲ့ အပြစ်မဲ့ပြည်သူ ရခိုင်တိုင်းရင်းသား ကိုယ်ဝန်သည် အမျိုးသမီး အပါအဝင် (၇)ဦးအား အကြမ်းဖက်သမားများ ရက်စက်စွာသတ်ဖြတ်မှု ဖြစ်ပွားပြီးနောက် အခုအချိန်မှာတော့ (၁)ဦးပျောက်ဆုံးလျက်ရှိနေဆဲပါ။ ဒီလိုမျိုးဖြစ်ပွားခြင်းနဲ့ ပတ်သက်ပြီးတော့ ရခိုင်လူထုတစ်ရပ်လုံးအား မိမိတို့ဒေသ လုံခြုံရေးကို အခုချိန်မှာ စိုးရိမ်မကင်း ဖြစ်နေကြပါပြီ။

တစ်ဖန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှာ ရသေ့တောင်မြို့နယ်၊ အောက်နန်းရာကျေးရွာ အကြမ်းဖက်သမားများ ငွေကြေးထောက်ပံ့နေသူများကို သွားရောက်ဖမ်းဆီးသည့် လုံခြုံရေးတပ်ဖွဲ့များအား ကျေးရွာအတွင်းရှိ လူစုလူဝေး (၃၀၀)ခန့်က ဝိုင်းဝန်းပြီးတော့ အနီးကပ် တိုးဝင်ကာ တုတ်၊ ဓား၊ လောက်လေးဂွ၊ ဂျင်ကလိ တို့ဖြင့် တိုက်ခိုက်ခံရကြောင်း၊ ထိုဖြစ်ရပ်ကြောင့် တရားခံအချို့ ထွက်ပြေး လွတ်မြောက်သွားခဲ့ရပြီး ထိုသို့ လုံခြုံရေးဆောင်ရွက်နေကြတဲ့ နယ်ခြားစောင့်တပ်ဖွဲ့များကိုပင် ဘင်္ဂါလီရွာသားများက ဝိုင်းဝန်း ရန်ပြုတိုက်ခိုက်နေခြင်းဟာ ဒေသအတွက် လုံခြုံရေးကို ဘယ်လောက်အတိုင်းအတာအထိ ခြိမ်းခြောက်နေလဲဆိုတာဖြစ်ကြောင်း ကျွန်မတို့ သတိချပ်ရမှာ ဖြစ်ပါတယ်။ ဒီအဖြစ်အပျက်များကြောင့် ရသေ့တောင်မြို့နယ်အတွင်း ရခိုင်တိုင်းရင်းသားဒေသများဟာ စိုးရိမ်မှုမြင့်တက်ပြီးတော့ လက်ရှိအခြေအနေမှာတော့ ရွာလုံးကျွတ်ခန့်နီးပါး ပြောင်းရွှေ့နေကြပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံဖြစ်လို့ တာဝန်ရှိတဲ့သူများအနေနဲ့ မိမိနိုင်ငံ၏ ပြည်သူပြည်သားများ လုံခြုံရေးကို အတိအကျ ကာကွယ်ပေးရမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း အကြမ်းဖက်အန္တရာယ်နဲ့ပတ်သက်၍ လုံခြုံရေးတိုးမြှင့်ပြီး အထူးအလေးထား ဆောင်ရွက်နေကြကြောင်း လေ့လာသိရှိကြရမှာပါ။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်၊ မောင်တောနဲ့ ရသေ့တောင်မြို့နယ်များအပါအဝင် ကျေးရွာများမှာ နေထိုင်လျက်ရှိကြတဲ့ အပြစ်မဲ့တိုင်းရင်းသား ရခိုင်ပြည်သူများအတွက် လုံခြုံရေးအင်အား ယခင်ကထက် တိုးမြှင့်ပြီး ဆောင်ရွက်ပေးရန် အလားတူဖြစ်စဉ်မျိုး နောင်မှာ ထပ်မဖြစ်ပွားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ရက်စက်စွာသတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့များအား အစီအစဉ်များ စနစ်တကျ စီမံပြုလုပ်ကာ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်လတ် တင်သွင်းတဲ့ အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ထောက်ခံသွားပါတယ်။

အဆိုမှာ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက် အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့်

ယင်းတို့၏ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးခင်မောင်လတ် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးခင်မောင်လတ် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလအတွင်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာတော့ အင်မတန်ပြည့်စုံတဲ့ အစီရင်ခံစာဖြစ်လို့ ကော်မတီဝင်များအားလုံးကို ချီးကျူးကြောင်း ပြောကြားလိုပါတယ်။

ပထမဆုံးအနေနဲ့ ကော်မတီရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ အမျိုးသမီးများ၊ ကလေးသူငယ်များနဲ့ သက်ဆိုင်တဲ့ ရပိုင်ခွင့်၊ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရန် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်ရေးဆွဲ၍ ပြဋ္ဌာန်းဆောင်ရွက်ရေး ရည်ရွယ်ပါသည်လို့ ဖော်ပြပါ တယ်။ ကော်မတီအနေနဲ့ ဒီအရေးကြီးတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ဥပဒေကြမ်းများကို လေ့လာသုံးသပ်နေ ကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ရည်ရွယ်ချက်ကို အမှန်တကယ် လိုက်နာဆောင်ရွက်နေ ကြောင်း အားရဖွယ် တွေ့ရှိရပါတယ်။ ဒုတိယအချက်အနေနဲ့ ကော်မတီရဲ့ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ဆောင်ရွက်ချက်အပေါ်မှာ တွေ့ရှိချက်နဲ့ သုံးသပ်ချက်ကို ဆက်လက်ဆွေးနွေး လိုပါတယ်။

ကော်မတီရဲ့ တွေ့ရှိချက်မှာ နိုင်ငံတစ်ခုအနေဖြင့် ကလေးအခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ် အစီရင်ခံစာကို (၅)နှစ်(၁)ကြိမ်သာ တင်ပို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဩဂုတ်လမှာ ကမ္ဘာ့ကုလသမဂ္ဂသို့ နောက်ဆုံးထား တင်သွင်းပေးရမှာဖြစ်ကြောင်း ဖော်ပြပါရှိပါတယ်။ ဒါနဲ့ပတ်သက် ပြီးတော့ ကော်မတီရဲ့သုံးသပ်ချက်မှာ ကော်မတီအနေနဲ့ မိမိနိုင်ငံရှိ ကလေးသူငယ်များ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနဲ့ဆိုင်သည့် ဥပဒေများပြုရာတွင် မည်သို့လုပ်ဆောင်သည်ကို အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြထားတယ်လို့ ရေးပါတယ်။ အမှန်ဆိုလို့ရှိရင် ကျွန်မတို့ လွှတ်တော်များအနေနဲ့ အစိုးရရဲ့ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နဲ့ပတ်သက်ပြီးတော့ ဘယ်အတိုင်းအတာထိ ဆောင်ရွက်နိုင်သလဲ၊ ဒီဆောင်ရွက်ချက်များဟာ ကလေးသူငယ်များနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ ထိထိရောက်ရောက် ဆောင်ရွက်ဖြစ်သလဲ ဆိုတာနဲ့ပတ်သက်ပြီးတော့ မိမိနိုင်ငံရဲ့ အစီရင်ခံစာကို ကလေးသူငယ်အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ အမှန်ဆောင်ရွက်နေတာကို သိရှိရမှာ ဖြစ်ပါတယ်။ အစိုးရရဲ့ ဆောင်ရွက်ရမယ့်အခြေအနေများနဲ့ ပတ်သက်ပြီးတော့ အစီရင်ခံစာ တစ်ခုတည်းအပေါ်မှာ အလေးထားတာမဟုတ်ဘဲနဲ့ လွှတ်တော်များမှာရှိတဲ့ အမျိုးသမီးကိုယ်စားလှယ်များက အမျိုးသမီး Caucus ဖွဲ့ပြီးလို့ရှိရင် ထိထိရောက်ရောက် တိုက်တွန်းပေးသင့်ကြောင်း ကော်မတီကို အကြံပြု လိုပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ CEDAW အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ကော်မတီရဲ့ လုပ်ဆောင်ချက်နဲ့ဆက်စပ်ပြီး ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ နိုင်ငံတကာပါလီမန်အဖွဲ့ IPU အထွေထွေ အတွင်းရေးမှူးချုပ်မှ ပေးပို့လာတဲ့ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေး CEDAW ဆိုင်ရာ ကုလသမဂ္ဂကော်မတီရဲ့ (၆၄) ကြိမ်မြောက်အစည်းအဝေးမှ နိဂုံးမှတ်တမ်းများ အကြောင်းအရာပါနဲ့ ပတ်သက်ပြီးတော့ Periodic Report ကို အင်္ဂလိပ်ဘာသာနဲ့ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နေ့စွဲနဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဖြန့်ဝေ ခဲ့ပါတယ်။ ဒီအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ စာမျက်နှာ(၁၀) Nationality ဆိုတဲ့ ခေါင်းစဉ် အောက်မှာ မြန်မာနိုင်ငံမှာရှိတဲ့ ရခိုင်ပြည်နယ်မှာမရှိတဲ့ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှာ မရှိတဲ့ တိုင်းရင်းသားတစ်မျိုးကို လုပ်ကြံဖန်တီးရေးထားတဲ့ အသုံးအနှုန်းနဲ့ပတ်သက်တာ ပါရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်မှာ အမှန်တကယ် ဌာနေတိုင်းရင်းသားများ အမျိုးသမီးများရဲ့ အခွင့်

အရေးကို ထိခိုက်စေတဲ့အတွက်ကြောင့်မို့လို့ နောင်တစ်ချိန်မှာ ဒီအစည်းအဝေးများ တက်ရောက်ကြတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များအနေနဲ့ ဒီကိစ္စကို အလေးထားဆွေးနွေးဖို့ ကော်မတီကို တိုက်တွန်းအပ်ပါတယ်။

ဒီတက်ရောက်တဲ့ စာရင်းထဲမှာတော့ ဒီ Foreign Affair ပါ ပါတယ်။ နောက်တစ်ခု ကနေပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန ပါ ပါတယ်။ နောက်ဒီ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပါ ပါတယ်။ အမျိုးသားလွှတ်တော်ကနေပြီးတော့ အမျိုးသမီးနဲ့ ကလေး သူငယ်အခွင့်အရေးကော်မတီ ကနေပြီးတော့ ဒီအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ ဒီလိုမျိုး အနေနဲ့ ကျွန်မတို့ အလေးထားဆွေးနွေးမယ့်အရာတွေကို နိုင်ငံ့ကိုယ်စား ဒီလိုမျိုး အစည်းအဝေး တွေမှာ မှန်ကန်တဲ့အကြောင်းအရာတွေကို တင်ပြမှသာလျှင် လွှတ်တော်အနေနဲ့ အမျိုးသမီးများနဲ့ ကလေးသူငယ်များဆိုင်ရာကို ကာကွယ်တယ်ဆိုတာလည်း ပေါ်လွင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက လက်နက်ကိုင်ပဋိပက္ခဒေသအတွင်းက အမျိုးသမီးများနဲ့ ကလေးသူငယ်အခွင့်အရေး အကြမ်းဖက် သတ်ဖြတ်မှု ခံနေရကြရတဲ့ အမျိုးသမီးများရဲ့ အခွင့်အရေးများကို နောင်မှာ ကွင်းဆင်းလေ့လာပြီး လို့ရှိရင် နောင် အစီရင်ခံစာမှာ သီးခြားကဏ္ဍတစ်ရပ်အနေနဲ့ ထည့်သွင်းဖော်ပြသင့်ပါကြောင်း ကော်မတီကို အကြံပြု တိုက်တွန်းရင်း ကျွန်မရဲ့ ဆွေးနွေးချက်ကို အဆုံးသပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အားလုံးပဲ မင်္ဂလာပါ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ အစီအစဉ် ၄-၈-၂၀၁၇ ရက်နေ့တွင် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် အပြုသဘောဖြင့် အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အစီရင်ခံစာကို ခြုံငုံသုံးသပ်ကြည့်တဲ့အခါ ကော်မတီမှ ပြည့်ပြည့်စုံစုံ အသေးစိတ်ပြုစု ထားတာ တွေ့ရှိရတဲ့အတွက် အစီရင်ခံစာအပေါ် ထောက်ခံအပ်ပါကြောင်း ပထမဆုံးတင်ပြလိုပါတယ်။ ကော်မတီ၏ရည်ရွယ်ချက်ပါအတိုင်း အမျိုးသမီး၊ ကလေးသူငယ်နဲ့ သက်ဆိုင်သည့် ရပိုင်ခွင့်အခွင့်အရေး များ ပြည့်ဝစွာရရှိရေးမှာ အထူးအရေးကြီးပါတယ်။ ကလေးသူငယ်များ၏ အနာဂတ် ပျောက်ဆုံးခြင်း သည် တိုင်းပြည်၏အနာဂတ် ပျောက်ဆုံးခြင်းပင်ဖြစ်စေရာ တားဆီးနိုင်သမျှ အကြောင်းအရာတို့ကို

တားဆီးဟန့်တားရန်နှင့် ကလေးသူငယ်၏ ရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရေးမှာ အထူးပင် အရေးကြီးလှပါတယ်။ အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးကိစ္စသည် အားလုံးနှင့် သက်ဆိုင်ပြီး ကမ္ဘာ့နိုင်ငံပေါင်း (၁၇၀)နိုင်ငံမှ ကလေးဘဝ ခြိမ်းခြောက်ခံရဆုံး အညွှန်းကိန်း ၂၀၁၇ ခုနှစ် တွင် မြန်မာနိုင်ငံသည် ရမှတ်(၇၅၅)မှတ်ဖြင့် အဆင့်(၁၂၂)တွင် ရပ်တည်နေသေးကြောင်း မှတ်တမ်း များအရ သိရှိရပါတယ်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ ကော်မတီအနေဖြင့်သော်လည်းကောင်း၊ ကလေးသူငယ်များ အခွင့်အရေးကိစ္စ ပိုပြီးဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း မီးမောင်းထိုးပြ အကြံပြုလိုပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းထား သော်လည်း အဆိုပါဥပဒေသည် ခေတ်စနစ်နှင့် လျော်ညီမှုမရှိသည့်အတွက် လာမည့်ဥပဒေအသစ် အမြန်ပေါ်ထွက်လာရေးကို ကော်မတီအနေဖြင့် သက်ဆိုင်ရာသို့ တွန်းအားပေးရန် အကြံပြုပါတယ်။ ကော်မတီ၏အစီရင်ခံစာ အမှတ်စဉ်(၂၂) ကျား၊ မ တန်းတူညီမျှမှုအပေါ် လေ့လာတွေ့ရှိချက်တွင် မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် CEDAW ကို လက်မှတ်ရေးထိုးကြောင်း အနှစ်(၂၀)ကျော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် မသိရှိရသေးကြောင်း သိရှိရပါတယ်။

အဆိုပါ CEDAW သည် ရန်ကုန်မြို့လို၊ မန္တလေးမြို့လို မြို့ကြီးပြကြီးများတွင် ကျယ်ကျယ် ပြန့်ပြန့် သိရှိမည်ဖြစ်သော်လည်း ဝေးလံခေါင်သီလှသော မြို့နယ်များတွင် သိရှိမှု အလွန်အားနည်း ကြောင်း တွေ့ရှိရပါတယ်။ ကျေးရွာအဆင့်များတွင် ကျား၊ မ တန်းတူညီမျှမှုကိစ္စ ဆွေးနွေးဆောင်ရွက်မှု မရှိသလောက် ဖြစ်နေပါသေးတယ်။ ကော်မတီအနေဖြင့် NGO အဖွဲ့အစည်းများနှင့်ဆက်စပ်ပြီး နယ်စွန်နယ်ဖျားများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေး အသိပညာပေး လုပ်ငန်းများတွင် တွင်ကျယ်စွာဆောင်ရွက်စေဖို့ တိုက်တွန်းလိုပါကြောင်း အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံတင်ပြထားပြီးဖြစ်သည့်အတွက် ထောက်ခံပါကြောင်း တင်ပြရင်း အဆုံးသတ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၈။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ခုနကိုယ်စားလှယ် တော်တော် များများ တင်ပြထားသလိုပဲ ဒီအစီရင်ခံစာဟာ ဆိုလို့ရှိရင် အစီရင်ခံစာတစ်ခုရဲ့ အင်္ဂါရပ်များနဲ့ ကိုက်ညီပြီးတော့ ကော်မတီအနေနဲ့ပေါ့နော်၊ လုပ်ငန်းဆောင်ရွက်မှုတွေ များစွာလုပ်ထားတဲ့အတွက် ကြောင့်မို့လို့ အကြောင်းအရာတွေ ပြည့်စုံမှုရှိတဲ့အကြောင်းကို ကောင်းမွန်တဲ့ အစီရင်ခံစာတစ်ခု ဖြစ်ကြောင်း ထောက်ခံကြိုဆိုပြီးတော့မှ ကျေးဇူးတင်ကြောင်းလည်း ပြောကြားလိုပါတယ်။

အခုဆက်လက်ပြီးတော့မှ ဒီအစီရင်ခံစာအပေါ်မှာ အပြုသဘော အကြံပြုချက်များ ဆွေးနွေးလိုပါတယ်။ အစီရင်ခံစာဟာ ပြည့်စုံကောင်းမွန်ပေမယ့် ဒီတစ်ခုလုံး ခြုံကြည့်လိုက်မယ်ဆိုရင် ရှင်းလင်းမှုမရှိဘဲနဲ့ ကျွန်မတို့ ဒီအစီရင်ခံစာမှာ ပါတဲ့အကြောင်းအရာတွေ ရှင်းရှင်းလင်းလင်း နားလည် အောင် တင်ပြဖို့လိုပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီအကြောင်းအရာတွေ များတဲ့အတွက်ကြောင့်မို့လို့ လုပ်ဆောင်ချက်တွေ များတဲ့အတွက်ကြောင့်မို့လို့ ဖော်ပြတဲ့အခါမှာ စုပေါင်းပြီးတော့မှ ဖော်ပြမယ်ဆိုလို့ ရှိရင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ ဥပမာ ကော်မတီရဲ့ ဆောင်ရွက်ချက်များကိုလည်း ဖော်ပြတယ်။ နောက်တစ်ခါ ဒီသီးသန့်ခေါင်းစဉ်တွေနဲ့လည်း အဲဒီဆောင်ရွက်ချက်တွေကို ထပ်မံပြီးတော့မှ ဖော်ပြတဲ့ အတွက်ကြောင့်မို့လို့ အစီရင်ခံစာ မလိုအပ်ဘဲနဲ့ ဖောင်းပွနေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ အဲဒီဆောင်ရွက်ချက်များ ပြီးတော့မှ တွေ့ရှိချက်များ၊ သုံးသပ်ချက်များကို အစီရင်ခံစာတစ်ခုရဲ့ပုံစံအတိုင်း အပိုဒ်လိုက် ဖော်ပြမယ်ဆိုရင် ကျွန်မတို့ လေ့လာတဲ့သူတွေနဲ့ အလွယ်တကူပေါ့နော် နားလည်နိုင်မယ်ဖြစ်တယ်ဆိုတာကို ပြောပြလိုပါတယ်။ ပြီးလို့ရှိရင်လည်း ပိုပြီးတော့မှ ကျစ်လျစ်တဲ့ အရေးအသားများနဲ့ ဖော်ပြစေလိုပါတယ်။ တချို့နေရာတွေမှာဆိုလို့ရှိရင် အစီရင်ခံစာနှင့်မတူဘဲနဲ့ အစည်းအဝေးမှတ်တမ်းပုံစံနဲ့ တူနေတာကို တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်မအနေနဲ့ ဒီကော်မတီရဲ့ ဆောင်ရွက်ချက်များ၊ ဒီခေါင်းစဉ်အောက်မှာပေါ့နော် ဒီဥပဒေတွေနဲ့ ပတ်သက်ပြီးတော့မှ ဆောင်ရွက်တာမှာ ဒီ Debate တွေပေါ့၊ အပြန်အလှန် ဆွေးနွေးချက်တွေ လုပ်တယ်၊ ပြီးတော့မှ လေ့လာသုံးသပ်မှု ဆိုပြီးတော့ ဖော်ပြထားတယ်။ ဒါပေမဲ့ လေ့လာသုံးသပ်မှု မှာဆိုရင် အဓိက ဖော်ပြရမှာ ဘယ်လိုလေ့လာ သုံးသပ်တယ်၊ ဘယ်လိုတွေ တွေ့ရှိတယ်ဆိုတာကို တွေ့ရှိချက်မှာ ဖော်ပြရမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီဆောင်ရွက်ချက်ကိုပဲ ဒီမှာထပ်မံရေးထား တာမျိုး တွေ့ရပါတယ်။ နောက်တစ်ခါ အဲဒီလိုပဲ ဆောင်ရွက်ချက်၊ အပြန်အလှန်ဆွေးနွေးခြင်း (Debate) မှာလည်း တွေ့ရှိချက်တွေကို အနှစ်ချုပ် ဖော်ပြထားသင့်ပါတယ်။

နောက် အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့ ဒီအလုပ်ရုံဆွေးနွေးပွဲ တွေ လုပ်တဲ့အတွက်ကြောင့်မို့လို့ တွေ့ရှိချက်တွေ သုံးသပ်ချက်ပေါ့နော်၊ အဲဒီအပေါ်မှာ မူတည် ပြီးတော့မှ ကျွန်မတို့ အကြံပြု ဒီဆောင်ရွက်တဲ့ နောက်ဆောင်ရွက်ချက်တွေမှာ ဘယ်လိုအကြံပြု ပြီးတော့မှ လုပ်မလဲဆိုတာကို ဖော်ပြသင့်ပါတယ်။ နောက်တစ်ခါ ပြည်တွင်းအဖွဲ့အစည်းများနဲ့ ပြည်ပ အဖွဲ့အစည်းများ တွေ့ဆုံမှုမှာလည်း ဖော်ပြထားတဲ့အခါမှာလည်း အဲဒီလိုပါပဲ အရေးအသား ကျစ်လျစ် ဖို့နဲ့ စည်ပင်သာယာတဲ့အနှစ်သာရ ပိုပြီးတော့မှ ပေါ်လွင်စေဖို့ ဖော်ပြသင့်ပါတယ်။ နောက်တစ်ခု စာတမ်းတိုပြုစုခြင်းနဲ့ ပတ်သက်တဲ့အခါမှာလည်း စာတမ်းတိုပြုစုတာကိုပဲ ဖော်ပြပါတယ်။ ဒီစာတမ်းတို ပြုစုခြင်းကြောင့်မို့လို့ ဘယ်လိုတွေ့ရှိတယ်၊ အဲဒီအပေါ်မှာ ဘယ်လိုသုံးသပ်မလဲ၊ ဘယ်လိုအကြံပြုမလဲ၊ ဒါတွေကို ရေးသင့်ပါတယ်။ နောက်တစ်ခါ တိုင်ကြားစာနဲ့ ပတ်သက်ပြီးတော့မှ အဓိက တိုင်ကြားစာကို ဒါပေမဲ့ တိုင်ကြားစာကို ဘာကြောင့်မို့လို့ ဒီတိုင်ကြားစာတွေဖြစ်တယ်၊ ဘယ်လိုပေါ့နော်၊ အဓိက ကျွန်မတို့ ကိုယ်စားလှယ်တွေသော်လည်းကောင်း၊ လွှတ်တော်ကသော်လည်းကောင်း ဆက်လက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့မှ ဒီအပေါ်မှာ သုံးသပ်အကြံပြုချက်များကို ဖော်ပြ သင့်ပါတယ်။

ကျွန်မအနေနဲ့ ဒီကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ပတ်သက်ပြီးတော့ ပြောင်းလဲပြီးတော့မှ လွှတ်တော်ကနေ အတည်ပြုတဲ့အပေါ်မှာ ကြိုဆိုပါတယ်။ အဲဒါနဲ့အညီ ကျွန်မတို့ ဒီအမျိုးသမီးနဲ့ ကလေးတွေရဲ့ အခွင့်အရေးဆုံးရှုံးနေရတာတွေက အထူးသဖြင့် ဝေးလံခေါင်သီတဲ့ဒေသတွေနဲ့ ဒီပဋိပက္ခဖြစ်ပွားတဲ့ နေရာမှာရှိတဲ့ အမျိုးသမီးနှင့် ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့မှ ကော်မတီအနေနဲ့ ကွင်းဆင်းလေ့လာပြီးတော့ အဲဒီအပေါ်မှာ ဆက်လက်ပြီးတော့မှ ဆောင်ရွက်ဖို့ကိုလည်း ကျွန်မအနေနဲ့ အထူးတိုက်တွန်းလိုပါတယ်။

ဘာကြောင့်လဲဆိုရင် ကျွန်မတို့ ဒီ CEDAW ကော်မတီကနေပြီးတော့ပေါ့ ဒီ ကျွန်မတို့ ဒီ ကုလသမဂ္ဂ ဒီလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက် ၁၃၂၅ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ အကောင်အထည်နဲ့ ပက်သက်ပြီးတော့ ဒီ CEDAW ကော်မတီရဲ့ မြန်မာနိုင်ငံနဲ့ စတုတ္ထနဲ့ ပဉ္စမအကြိမ် ပူးတွဲအစီရင်ခံစာပေါ်မှာ ဆိုလို့ရှိရင် ကျွန်မတို့အနေနဲ့ ကော်မတီက ကျွန်မတို့ မြန်မာနိုင်ငံကို တိုက်တွန်းထားတဲ့ လုပ်ငန်းတွေနဲ့ ပက်သက်ပြီးတော့မှ ဒီပြောထားတာတွေအပေါ်မှာ ကျွန်မအနေနဲ့ ထပ်မံပြီးတော့မှ အလေးထားဆွေးနွေးလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ နိုင်ငံရဲ့ ဒီအခုဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေနဲ့လည်း ပက်သက်လို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆိုလို့ရှိရင်ပေါ့နော်၊ ဒီပဋိပက္ခအတွင်းနဲ့ ပဋိပက္ခလွန် လုပ်ငန်းစဉ်တွေကို လမ်းညွှန်မှုပေးနိုင်တဲ့ ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အမှတ်၊ ၁၃၂၅/၂၀၀၀ နဲ့ အမျိုးသမီး ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ ဆက်စပ်ကြေညာချက်များဖြစ်တဲ့ ဒီလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်၊ ၁၈၂၀/၂၀၀၈၊ ၁၈၈၈/၂၀၀၉၊ ၂၁၂၂/၂၀၁၃ နဲ့ ၂၂၀၂/၂၀၁၀ တွေမှာ ဖော်ပြထားတဲ့ အမျိုးသမီး ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအစီအစဉ်တွေကို ထည့်သွင်းစဉ်းစားဖို့ ကုလသမဂ္ဂအနေနဲ့ တိုက်တွန်းထားပါတယ်။ အဲဒီအပြင် အဲ့ဒီလိုမျိုး ဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို အကောင်အထည်ဖော်ဖို့ ကျိုးကြောင်းညီညွတ်တဲ့ နိုင်ငံရေးအဆင့်၊ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် တစ်ခုရေးဆွဲဖို့ အကြံပြုထားတဲ့အတွက်ကြောင့်မို့လို့ ကော်မတီအနေနဲ့ အဲဒီလုပ်ငန်းစီမံချက် ရေးဆွဲနိုင်ဖို့အတွက်မှာ ဆက်စပ်ကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်နိုင်ဖို့ ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်။

နောက်ထပ် ဒီကော်မတီက လေ့လာသုံးသပ်နေတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေးဥပဒေ၊ လူကုန်ကူးမှု တားဆီးရေး ဥပဒေ၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးဥပဒေများဟာ ပြည်သူများ အထူးသဖြင့် အမျိုးသမီးနဲ့ ကလေး သူငယ်တွေအတွက် အများကြီးကိုပဲ အကာအကွယ်ပေးပြီးတော့မှ အခွင့်အရေးတွေ ပြည့်ဝစွာ ပေးပြီးတော့မှ သူတို့ရဲ့ဘဝလုံခြုံစွာ အသက်ရှင်သန်နိုင်ဖို့ ခုနကတုန်းက တင်ပြခဲ့တဲ့ ဒီရခိုင်ပြည်နယ် လိုမျိုးကိစ္စတွေနဲ့လည်း အများကြီး ဆက်စပ်နေတဲ့အတွက်ကြောင့်မို့လို့ ကော်မတီအနေနဲ့ ဒီဥပဒေကို ကျွန်မတို့ ဒီပြည်သူတွေရဲ့ ဆန္ဒနဲ့အညီပေါ့။ တည်ဆဲဥပဒေများနဲ့အညီ ဆက်စပ်ပြီးတော့မှ ကောင်းမွန်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့၊ အမြန်ဆုံးပြဋ္ဌာန်းနိုင်ဖို့အတွက် ပြည်သူများ၊ ပညာရှင်များ၊ ဆက်စပ် ကော်မတီများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့အတူ ကြားနာပွဲတွေ၊ ဆွေးနွေးပွဲတွေ အဆက်မပြတ်ပြုလုပ်ပြီးတော့မှ အမြန်ဆုံးပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်စေလိုပါတယ်။

အဲဒီအပြင် ဒီ ကော်မတီအနေနဲ့ ဒီ Gender Budgeting ကိုလည်း ဆောင်ရွက်မှာဖြစ်လို့ တင်ပြထားတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ကြိုဆိုပါတယ်။ ဒီ Gender Budgeting ကိုလည်း ကျွန်မတို့ ဒီဘဏ္ဍာရေး ရေးဆွဲမှု နှစ်တွေနဲ့အညီပေါ့နော် ဝန်ကြီးဌာနတွေက ဆောင်ရွက်နိုင်ဖို့အတွက် တိုက်တွန်းဆောင်ရွက်ပေးပါ။ နောက်တစ်ခု နောက်ဆုံး ကျွန်မတို့ ကော်မတီမှာဖော်ပြထားတဲ့ ဒီ (၅၁) ရာခိုင်နှုန်းသော အမျိုးသမီးရဲ့အနာဂတ်နဲ့ ကလေးသူငယ်တွေရဲ့ ဒီအနာဂတ်အပြင် သူတို့တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို တိုင်းပြည်ရဲ့အကျိုးအတွက် အပြည့်အဝ အသုံးချနိုင်ဖို့အတွက် ကော်မတီအနေနဲ့ ယခုထက်ပိုပြီး လက်တွေ့ကျတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပြီးတော့မှ ထိရောက်စွာ ဆောင်ရွက်နိုင်ပါစေလို့ အကြံပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း ပါ။ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ အပေါ် အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအားလုံးသည် လွှတ်တော်အသေးစားလေးတွေလို့ တင်စားပြောသလိုပဲ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် အသီးသီးမှာလည်း မိမိဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းသာမက ကော်မတီ၏ လုပ်ငန်းတာဝန်များသည် နိုင်ငံတစ်ဝန်း သက်ဆိုင်ပါ၍ ယခုကော်မတီအနေဖြင့် အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နဲ့ ဧရာဝတီ တိုင်းဒေသကြီး မြို့နယ်အချို့တွင် ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် သက်ငယ် မုဒိမ်းကင်းစင်ရေး ပညာပေးဟောပြောပွဲများကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှေ့နေများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါ၍ ကြိုဆို ထောက်ခံပါကြောင်းနှင့် လွှတ်တော်ကျင်းပရက်၊ နားရက်များတွင်လည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ခွင့်ပြုချက်တောင်းခံကာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါတယ်။

ညှိနှိုင်းဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ လူမှုဝန်ထမ်းအနေဖြင့် ဥပဒေကိစ္စရပ်များ၊ လက်တွေ့ ပကတိဖြစ်ပျက်နေသော အကြောင်းကိစ္စရပ်များ အခြေခံပြီး ဆွေးနွေးညှိနှိုင်းစေလိုပါကြောင်းနှင့် ကျွန်တော်ကိုယ်တိုင်ပင် ပြည်တွင်းပြည်ပ အလုပ်သမားကော်မတီ၏ ညွှန်ကြားမှုအရ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီသို့ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေနှင့် ပက်သက်၍

အရပ်ဘက်အဖွဲ့အစည်းများနဲ့ တွေ့ဆုံကြားနာပွဲ တက်ရောက်ခဲ့ဖူးပါတယ်။ ကော်မတီအနေဖြင့် တိုင်ကြားစာများဆောင်ရွက်မှု၊ တိုင်ကြားစာအမှုတွဲ (၁၅)တွဲသာရှိပါ၍ ပြည်သူလူထုတိုင်ကြားမှု နည်းပါးခြင်းသည် ကော်မတီသို့တိုင်ကြားရန် မသိလို့ဘဲဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။ အကယ်၍ တိုင်ကြားစာကြောင့် စစ်ဆေးပေါ်ပေါက်မှုအရ ကလေးသူငယ်များ၊ မိန်းကလေးများ၏ စိတ်ခံစားမှုများ ချို့ယွင်းသွားနိုင်သည့် အခြေအနေမျိုးလည်း ကြုံတွေ့ရပါက သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပူးပေါင်း ဆောင်ရွက်နှစ်သိမ့်မှုများ ပေးနိုင်ရန်မှာလည်း အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်။

ဥပဒေများ သုံးသပ်လေ့လာမှုအပိုင်းမှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေသည် ၁၉၉၃ တွင် ပြဋ္ဌာန်းခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာန အရပ်ဘက်အဖွဲ့အစည်းများ၊ Unicef တို့နှင့် ကြားနာမှုများပြုလုပ်ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ၁၄-၆-၂၀၁၇ ရက်နေ့တွင် Debate အပြန်အလှန်ဆွေးနွေးခြင်းလည်း ပြုလုပ်ခဲ့ပြီးတော့ ဥပဒေကြမ်းအား နိုင်ငံပိုင်သတင်းစာမှ ပြည်သူများသို့ သိရှိစေရန်ဖော်ပြပြီးတော့ ယနေ့အထိ လွှတ်တော်တွင် တင်ပြဆွေးနွေးနိုင်ခြင်း မရှိသေးခြင်းမှာလည်း ဘယ်လိုအချက်ကြောင့်ပါလဲ ဆိုတာလည်း သိပါရစေ။

လူကုန်ကူးမှုတားဆီးရေးဥပဒေနှင့် ပက်သက်၍လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံရန် လိုအပ်ပါတယ်။ ယနေ့ ဆင်းရဲမှုဒဏ်ကြောင့် ဖြစ်ပေါ်ခံစားနေရသောပြဿနာ၊ အသိစိတ် နည်းပါးမှုအကြောင်းကို အခြေခံပြီးဆောင်ရွက်နေရသော ပြဿနာတွေကို ဘယ်လိုဖြေရှင်းကြမလဲ။ ဥပဒေကို ကောင်းသည်ထက်ကောင်းအောင် စီမံဆောင်ရွက်ပေးစေလိုကြောင်းလည်း အကြံပြုတင်ပြ အပ်ပါတယ်။ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေမှာလည်း နိုင်ငံတကာတွင် ကျင့်သုံးနေသော လုပ်ထုံး လုပ်နည်းများ၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေကြောင့် မြေပြင်တွင် ကြုံတွေ့နေရသော ကျန်းမာရေး ဝန်ဆောင်မှု အခက်အခဲများအကြောင်း တင်ပြဆွေးနွေးကြပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေကြမ်း ကော်မတီ အမျိုးသားလွှတ်တော်သို့ မိတ္တူများ ပေးပို့တင်ပြထားကြောင်းလည်း သိရှိရသဖြင့် ကော်မတီရဲ့ လုပ်ဆောင်ချက်များကိုလည်း ကျွန်တော့်အနေနဲ့ လေးစားပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ကော်မတီ၏သုံးသပ်ချက်များမှ ပထမအကြိမ် လွှတ်တော်မှာ အမျိုးသမီးကိုယ်စားလှယ် ပါဝင်မှုနှုန်းမှာ (၄)ရာခိုင်နှုန်း၊ ယခု ဒုတိယအကြိမ်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ရွေးကောက်ခံအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အရေအတွက်က (၁၅၃) ဖြစ်ပါ၍ ရာခိုင်နှုန်း (၁၄.၆)ဖြစ်ကြောင်း သုံးသပ်တင်ပြထားပါ၍ လာမည့် နောက်အကြိမ်တိုင်း၊ အကြိမ်တိုင်းတွင် အမျိုးသားများနည်းတူ ပါဝင်နိုင်ကြစေရန် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း စံပြုထိုက်သူများဖြစ်အောင် နေထိုင်၊ ပြောဆို၊ ဆောင်ရွက်ကြပါရန်လည်း အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်အနေနဲ့ ကော်မတီသို့ ဆွေးနွေးတင်ပြလိုသည်မှာ သက်ငယ် မုဒိမ်းမှုအတွက် ယခုအသက်ကန့်သတ်ချက် (၁၄)နှစ် သတ်မှတ်ထားသော်လည်း ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကုန်ခါနီး ၇-၁-၂၀၁၆ ရက်နေ့တွင် (၁၆)

နှစ်သို့ ဥပဒေအား ပြောင်းလဲသတ်မှတ်မှုအပေါ် ယနေ့လက်ရှိပကတိအနေအထားအရ ပြောင်းလဲသတ်မှတ်သည့် နှစ်အကန့်အသတ်အပေါ် အသက်အရွယ်အလိုက်၊ ပြစ်မှုအကြိမ်အရေအတွက် ဘယ်နှစ်ခု ဖြစ်ပေါ်ခဲ့ဖူးပါသလဲ။ သုတေသနဆန်းစစ်ပြီးတော့ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပေါ် ပေါ်ပေါက်ရခြင်းသည် တယ်လီဖုန်းသုံးစွဲပြီး မဖွယ်မရာ အကြောင်းများကြောင့်လား၊ ဝတ်စားဆင်ယင်မှုကြောင့်လား၊ နှစ်အကန့်အသတ် ဥပဒေပြင်ဆင်မှုကြောင့်လား၊ တရားဥပဒေ စိုးမိုးမှုမရှိလို့လား၊ ဆင်းရဲမှုကြောင့်လား လာမည့် ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော်၊ အမျိုးသမီး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ သုတေသနများပြုလုပ်၍ တင်ပြပေးနိုင်ရန် အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ ကျောင်းသူ၊ ကျောင်းသားများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာရဲ့ ကော်မတီရဲ့ လုပ်ဆောင်ချက်များအနေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ တွေ့ဆုံခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲ ကြားနာခြင်းများ၊ ကျား၊ မ တန်းတူညီမျှခြင်းများ၊ နိုင်ငံရေးတွင် အားလုံးပါဝင် ဆောင်ရွက်ခြင်းများ၊ သက်ငယ်မုဒိမ်း ကိစ္စရပ်များနဲ့ အဖွဲ့အစည်းများမှ ပြုလုပ်ကျင်းပတဲ့ အစည်းအဝေးများကို ကော်မတီအနေနဲ့ (၇၄)ကြိမ်တိုင်တိုင် တက်ရောက်ဆွေးနွေးမှုများပြုလုပ်ခဲ့တဲ့အတွက် ဒီကော်မတီကို များစွာဂုဏ်ယူမိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးတွေကို ချိုးဖောက်မှုမခံရအောင် နိုင်ငံတကာမှာ အလေးထားဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံကလည်း CRC Convension မှာ ပါဝင်လက်မှတ်ရေးထိုးထားသလို၊ ဖွဲ့စည်းပုံအခြေခံ ပုဒ်မ ၃၂ မှာ မိခင်နဲ့ကလေးများ၊ မိဘမဲ့ကလေးများကို စောင့်ရှောက်ရန် နိုင်ငံတော်မှာ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်က ဖွဲ့စည်းပေးထားတဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့များနဲ့ အရပ်ဘက်အမျိုးသမီးအဖွဲ့အစည်းများ အားကောင်းဖို့ အထူးလိုအပ်ပါတယ်။ ဒီအသင်းအဖွဲ့တွေ ဖွဲ့စည်းရာမှာလည်း အမျိုးသမီးများကို ကိုယ်စားပြုပြီးတော့ အမျိုးသမီးများနဲ့ ကလေးသူငယ်ကိစ္စတွေ ပါဝင်ဆောင်ရွက်ပေးနေတဲ့ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်ဖွဲ့စည်းရန်လည်း လိုအပ်ပါတယ်။ ဒါမှသာ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး

တွေကို ကာကွယ်စောင့်ရှောက်တဲ့အခါမှာ ပိုမိုထိရောက်ပြီးတော့ အကျိုးရှိလာမှာ ဖြစ်ပါတယ်။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးတွေကို ချိုးဖောက်မှုတွေကို ဟိုတစ်နေ့က ကျွန်တော် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာမှာ လုပ်ငန်းခွင်အတွင်းမှာ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးတွေ ဆုံးရှုံးမှုတွေကို ကျွန်တော်အကျဉ်းချုပ်ပြီးတော့လည်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးနဲ့ ပက်သက်ပြီးတော့ အကြံပြုရမယ်ဆိုရင် ကလေးသူငယ်အခွင့်အရေးတွေကို တကယ်အလေးထားသလား၊ မထားဘူးလား ဆိုတာ အစိုးရတွေနဲ့ မိဘတွေရဲ့ လုပ်ဆောင်ချက်က အဓိကကျပါတယ်။ အစိုးရကလည်း အခွင့်အရေး ချိုးဖောက်ခံနေရတဲ့ ကလေးသူငယ်တွေ၊ ကလေးသူငယ် အလုပ်သမားတွေ၊ ဒီကလေးသူငယ် ရပိုင်ခွင့်နဲ့ အသက်ရှင် ရပ်တည်ရှင်သန်ခွင့်တွေကို နောက်ပြီးတော့ ဒီအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေအကာအကွယ်တွေကို ဒါတွေကိုတကယ် ထိထိရောက်ရောက် လုပ်ဆောင်ပေးသလား၊ မပေးဘူးလားဆိုတာ ကော်မတီအနေနဲ့ စဉ်ဆက်မပြတ် စောင့်ကြည့်ပြီးတော့ လွှတ်တော်ကနေတစ်ဆင့် အစိုးရကိုထိန်းကျောင်းပေးရန် လိုအပ်ပါတယ်။ ဥပမာအနေအားဖြင့် ကလေးသူငယ်တွေအတွက် နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကို မြန်မာနိုင်ငံကလေးများနေ့ သတ်မှတ်ပေးထားတာ ရှိပါတယ်။ တခြားနိုင်ငံတွေမှာလည်း ရှိကြပါတယ်။

အခု ကျွန်တော်တို့ မြန်မာနိုင်ငံကလေးများနေ့ကို ပညာရေးဝန်ကြီးဌာနက ကျောင်းတွေ၊ စာသင်ကျောင်းတွေ ဘာလို့မပိတ်ပေးတာလဲဆိုတဲ့ မေးခွန်းမျိုးတွေ၊ အဆိုတွေကို ကော်မတီအနေနဲ့ လွှတ်တော်မှာ လုပ်ဆောင်သင့်ပါတယ်။ နိုင်ငံအတော်များများမှာ ကလေးများနေ့ကို ဂုဏ်ပြုတဲ့အနေအားဖြင့် ကလေးသူငယ်တွေ လွတ်လပ်ပျော်ရွှင်အောင် စာသင်ကျောင်းတွေကို သူတို့အစိုးရတွေက အဲဒီနေ့မှာ ပိတ်ပေးလေ့ရှိကြပါတယ်။ ကျွန်တော်တို့ ဒီနိုင်ငံမှာတော့ ကလေးသူငယ်တွေ မပျော်ရွှင်အောင် စာမေးပွဲတွေ စစ်နေကြပါတယ်။ အရင်အစိုးရအဆက်ဆက်က မပိတ်ပေမဲ့လည်း မည်သို့ပင်ဆိုစေကာမူ ပြည်သူတင်မြှောက်ထားတဲ့ အစိုးရဖြစ်လာပြီ ဖြစ်တဲ့အတွက် ကလေးသူငယ် အခွင့်အရေးတွေရရှိအောင် အစိုးရကို တွန်းအားပေးဖို့ ကော်မတီအနေနဲ့လည်း ကြိုးစားဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။ တိုင်းပြည်အနာဂတ်ဖြစ်တဲ့ ကလေးငယ်တွေ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းဖြစ်တဲ့အတွက် ကလေးသူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေမှာ သုံးစွဲရန် တင်ပြလာတဲ့ ဘတ်ဂျက်တွေ၊ မွေးကင်းစကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေကို အစိုးရဝန်ကြီးဌာနက ထောက်ပံ့ပေးနေတဲ့ ဘတ်ဂျက်တွေ၊ စစ်ဘေးရှောင်ကလေးတွေနဲ့၊ မိဘမဲ့ကလေးတွေ နောက်ပြီးတော့ အာဟာရ မပြည့်ဝသေးတဲ့ ကလေးသူငယ်တွေအတွက် သုံးစွဲရန်တင်ပြလာတဲ့ ဘတ်ဂျက်တွေ ဒီဘတ်ဂျက်တွေကို လွှတ်တော်က အပြည့်အဝရရှိအောင်၊ ဖြုတ်တောက်မှုမရှိအောင်လည်း ကော်မတီအနေနဲ့ လွှတ်တော်မှာ ဆွေးနွေးခြင်းများ၊ အကြံပြုခြင်းများ လုပ်သင့်သလို ကလေးသူငယ် အခွင့်အရေးဆိုင်ရာ CRC သဘောတူစာချုပ်ပါစည်းကမ်းချက်တွေကို အစိုးရက ဖော်ဆောင်ပေးနိုင်အောင်လည်း အစိုးရကို အားပေးသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ အခု ကျွန်တော်တို့ နိုင်ငံက ကလေးသူငယ်တွေဟာ သူတို့ရဲ့အနာဂတ်ကို သူတို့အရမ်းမျှော်လင့်နေကြပါတယ်။ ဒါကြောင့်

မို့လို့လည်း ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ ပြည်သူ့အစိုးရ ဖြစ်လာဖို့အတွက် သူတို့တောင့်တခဲ့ကြပါတယ်။ သူတို့ဟာ မဲပေးခွင့်မရှိပေမယ့်၊ နိုင်ငံရေးအသိဉာဏ်မရှိပေမယ့် သူတို့အိပ်မက်တွေကို အကောင်အထည်ဖော်ပေးနိုင်မယ့်ပါတီ အနိုင်ရအောင် သူတို့ကြွေးကြော်ခဲ့ကြတယ်။ သူတို့မိဘတွေရဲ့ နှလုံးသားကို လှုပ်ကိုင်ပြီးတော့ မဲပေးနိုင်အောင်လည်း သူတို့လုပ်နိုင်ခဲ့ကြပါတယ်။ ဒါတွေဟာ သူတို့ရဲ့ အိပ်မက်၊ မျှော်လင့်ချက်တွေပါ။ အခု သူတို့လိုချင်တဲ့အစိုးရဖြစ်လာပါပြီ။ အာဏာရှင်အစိုးရကနေ လွတ်မြောက်လာပြီ ဖြစ်တဲ့အတွက် သူတို့အနာဂတ်လှပဖို့၊ တိုင်းပြည်အနာဂတ် ကောင်းဖို့အတွက်ကို လေလွင့်ဆုံးရှုံးနေတဲ့ ဘတ်ဂျက်တွေကို၊ အဟောသိကံဖြစ်နေတဲ့ ဘတ်ဂျက်တွေကို ဒါတွေကို မဖြစ်စေဘဲနဲ့ ဒီငွေတွေကို ဆုံးရှုံးနေတဲ့ငွေတွေကို ကလေးသူငယ်တွေအတွက် ရင်းနှီးမြှုပ်နှံဖို့လည်း လိုအပ်သလို၊ ကလေးသူငယ်တွေကို ကာကွယ်ပေးတဲ့ဥပဒေတွေကို ထိထိရောက်ရောက် ကျင့်သုံးသွားရပါမယ်။ ကလေးသူငယ်တွေကို လူကုန်ကူးနေတာတွေ၊ ကလေးသူငယ်တွေရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနဲ့ ကိုယ်ကျိုးရှာနေသူတွေ၊ သက်ငယ်မုဒိမ်းကျူးလွန်သူတွေ ဒါတွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက် ပြစ်ဒဏ်ပေးချမှတ်ရပါမယ်။ နောက်ပြီးတော့ ဒီပြစ်ဒဏ်တွေ စီရင်တဲ့အခါမှာလည်း ထိရောက်မှုရှိစေဖို့အတွက် အဂတိ လိုက်စားမှုမရှိအောင် တရားရေးမဏ္ဍိုင်ကိုလည်း ကော်မတီအနေနဲ့ စောင့်ကြည့်ထိန်းကျောင်းဖို့လည်း လိုအပ်ပါတယ်။

နိဂုံးချုပ်အနေအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အမျိုးသမီးစွမ်းဆောင်ရည် မြင့်မားလာစေရေး၊ ကလေးသူငယ်များရဲ့ရပိုင်ခွင့် ကာကွယ်စောင့်ရှောက်ပေးရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များရဲ့ အခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံတော်က ကလေးသူငယ်တွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ဆောင်ရွက်ပေးရန်လိုအပ်သလို သန်းကြွယ်ချမ်းသာနေတဲ့ သူဌေးကြီးတွေကလည်း မိမိတို့ပိုင်ဆိုင်မှုတွေထဲကနေ ဗိုက်ဆာနေတဲ့ ကလေးငယ်တွေကို မျှဝေကျွေးနိုင်ပါစေလို့ ဆုတောင်းရင်းနဲ့ပဲ ကျွန်တော့်ရဲ့ဆွေးနွေးမှုကို ဒီမှာတင်နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဒေါက်တာမြသောင်း (ဥက္ကဋ္ဌ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ)**
။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမြသောင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)က လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဒီနေ့ အစီရင်ခံစာကို ဆွေးနွေးပေးတဲ့ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ လုပ်ဆောင်ချက်များကတော့ တော်တော်လေးများပြားပြီးတော့ တချို့လုပ်ငန်းတွေက တော်တော်လေး ကိုင်တွယ်ရတာ သိမ်မွေ့နူးညံ့ Sensitive ဖြစ်ပါတယ်။ ဒါကြောင်မို့ ဒီမှာလိုအပ်ချက်တွေ ရှိကောင်း ရှိပါမယ်။ အခု အကြံပြုချက်များကို ကျွန်တော်တို့ လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ခံယူပြီးတော့ ရှေ့ လာမယ့်သက်တမ်းမှာ ကျွန်တော်တို့ ဒီဟာတွေကို ဆောင်ရွက်ပေးမယ်ဆိုတာကို ပထမဆုံး ကျွန်တော် ဖြေကြားလိုပါတယ်။

အဓိကကတော့ ကျွန်တော်တို့ ဒီ CEDAW တို့ CRC တို့ကတော့ အခု CEDAW နဲ့ပတ်သက် လို့ရှိရင် ကျွန်တော်တို့ ပြီးခဲ့တဲ့အစိုးရများ လက်ထက်တုန်းက ကျွန်တော်တို့ အစီရင်ခံစာ တင်သွင်း လို့ရှိရင် အားလုံးရဲ့ ဝိုင်းဝန်းနှိပ်ကွပ်ခြင်းကို ကျွန်တော်တို့ ခံရတယ်။ ဒီတစ်ခါတော့ ကျွန်တော်တို့ အစိုးရလည်း ပြောင်းသွားပြီဖြစ်တဲ့အတွက် သူတို့ အမြင်တွေပြောင်းပြီးတော့ အရင်တုန်းက ကျွန်တော် တို့ ဒီ Comment ပေါ့နော်။ ဒီ Contribution Observation အချက် (၂၀၀)လောက် ရှိတာကနေ ပြီးတော့ အခုဆိုလို့ရှိရင် ကျွန်တော်တို့ (၅၆)ချက်အထိ လျော့ကျသွားပြီဖြစ်ပါတယ်။ ဒီထဲမှာလည်း ခုနက Sensitive ဖြစ်တဲ့ ဒီ ရိုဟင်ဂျာကိစ္စတွေ ပါ ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ တချို့ အချက်အလက်တွေကလည်း ကျွန်တော်တို့ တည်ဆဲဥပဒေတွေနဲ့ ငြိစွန်းနေတာတွေ ပါတဲ့အတွက် ဒါတွေကို သူတို့က ပြင်ဖို့ တိုက်တွန်းတာတွေ ပါ ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီကလေးသူငယ်အခွင့်အရေးကော်မတီ ဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၁၉၉၃ ကလေးသူငယ်ဥပဒေဟာ အခု Up to date မဖြစ်တဲ့အတွက် ဒါကို မပြင်တော့ဘဲနဲ့ ကျွန်တော်တို့ ကလေးသူငယ် Convension ၊ ကုလသမဂ္ဂ CRC Convension အရ ကျွန်တော်တို့ ဥပဒေအသစ်ကို ရေးဆွဲတာဖြစ်ပါတယ်။ Focal Ministry ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရေးဆွဲတာဖြစ်ပါတယ်။ ဒီဥစ္စာကတော့ ကျွန်တော်တို့ ဒီလွှတ်တော်ကို ရောက်ရှိနေပြီလို့ သိရပါတယ်။ ဥပဒေကြမ်းကော်မတီကနေ စိစစ်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်မှာ ဒါကိုဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြင်ဆင်ချင်တဲ့ အချက်အလက်များကို အကြံပေးဖို့ဆိုပြီး ဖိတ်ခေါ်ထားတဲ့အတွက် NGO တစ်ဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ဆီကို အကြံပေးတဲ့ စာတစ်စောင် ရောက်ရှိလာပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်ရေး ဥပဒေ ကတော့ ၂၀၁၃ ခုနှစ်ကတည်းက ပထမအစိုးရလက်ထက်ကတည်းက ရေးဆွဲတာ ဖြစ်ပါတယ်။ အဆင် မပြေတဲ့အတွက် ကျွန်တော်တို့ အခု အကြိမ်ကြိမ် ကျွန်တော်တို့ ရှေ့နေချုပ်ရုံးကို တင်လိုက် ပြန်ပြီးတော့

ချပေးလိုက်နဲ့ အခု ပြီးခဲ့တဲ့ ၂၀-၇-၂၀၁၇ ရက်နေ့က ကျွန်တော်တို့ ပြန်ပြီးတော့ Final ကျွန်တော်တို့ ပြင်ဆင်ပြီးတော့ ရှေ့နေချုပ်ရုံးကို တင်ထားပြီလို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေ ကျွန်တော်တို့ ခေါ်ယူပြီးတော့ အသိပေးပါတယ်။ အဲဒီတော့ ဒီမကြာခင်မှာ ဒီဥပဒေကလည်း ကျွန်တော်တို့ ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ ပြည့်တန်ဆာ နှိပ်ကွပ်ရေးဥပဒေနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုလွှတ်တော် ဥပဒေအထူးလေ့လာဆန်းစစ်ရေးအဖွဲ့ ကနေပြီးတော့ ကျွန်တော်တို့ သူတို့ အစည်းအဝေးခေါ်ပြီး ကျင်းပတာရှိပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့လည်း (၂)ကြိမ် တိုင်တိုင် သက်ဆိုင်ရာ CSO များ၊ NGO များနဲ့ ကျွန်တော်တို့ ဆွေးနွေးပြီး ဖြစ်ပါတယ်။ ဒါတွေကို လည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ ကလေးသူငယ်အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ အခုနောက်ပိုင်းမှာ ကျွန်တော်တို့ Tourism ဖွံ့ဖြိုးလာတာနဲ့အမျှ Sex abuse in Tourism ဆိုတဲ့ ခေါင်းစဉ်တစ်ခု ကျွန်တော်တို့အတွက် ထပ်ပြီးတော့ တိုးလာပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဒီ ခရီးသွားတွေ အလာများတဲ့ ပင်လယ်ကမ်းခြေဒေသတွေ ပုဂံတို့၊ အင်းလေးတို့ စတဲ့ဒေသတွေမှာ ကလေးသူငယ်များကို Sex abuse လုပ်တဲ့ လုပ်ငန်းတွေ ရှိတယ်လို့ ကျွန်တော်တို့ သတင်းရရှိတဲ့ အတွက် ဒီ NGO တစ်ဖွဲ့ကနေပြီးတော့ ဒီဥစ္စာကို ကျွန်တော်တို့ Survey လုပ်ပြီးတော့ ဟိုတယ်နှင့်ခရီး ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ ပူးပေါင်းပြီး လုပ်ငန်းတွေ၊ Survey တွေ ဆောင်ရွက်ပြီးတော့ ဒါတွေကို တားဆီးဖို့ ဆောင်ရွက်နေပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကော်မတီဟာ ဒီ ပြည်တွင်းပြည်ပ အဖွဲ့အစည်း အတော်များများနဲ့ ဆက်စပ်ပြီးတော့ လုပ်ကိုင်ရတဲ့ ကော်မတီဖြစ်ပါတယ်။ UNFPA နောက်ပြီးတော့ ကျွန်တော်တို့ အဓိကတော့ UNICEF ပေါ့နော်။ နောက်ပြီးတော့ ILO ကလေးလုပ်သားနဲ့ ပတ်သက် ပြီးတော့ ILO နဲ့ ဆက်စပ်ပြီးတော့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ အဲဒီတော့ လာမယ့်ဆဋ္ဌမအကြိမ် ကျလို့ရှိရင်တော့ ဒီထက်ပိုပြီးတော့ ပြည့်စုံအောင် ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ အစီရင်ခံစာမှာ တင်ပြပါ့မယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကွင်းဆင်းပြီးတော့ သွားလာဖို့အတွက်လည်း ကျွန်တော်တို့ လာမယ့် Next Term မှာတော့ ကျွန်တော်တို့ UNICEF နဲ့ ပူးပေါင်းပြီးတော့ ကရင် ပြည်နယ်ဘက်ကို ကျွန်တော်တို့ လေ့လာရေးသွားရောက်ဖို့ ကျွန်တော်တို့ အစီအစဉ်တော့ ရှိပါတယ်။ ဒါလည်း ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးက ခွင့်ပြုတဲ့အခါမှာ ကျွန်တော်တို့ သွားရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလိုဝိုင်းဝန်းကူညီတဲ့၊ ထောက်ခံဆွေးနွေးတဲ့၊ အကြံပေးတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ပဉ္စမအကြိမ်အစည်းအဝေး အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီး က သဘောတူလက်ခံပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို အတည် ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၁း၃၉ နာရီအချိန်တွင် ရပ်နားပါသည်။]